ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ သောကြာနေ့၊ (18-11-2011)(၆၉၄၇)

## ဒို့တာဝန်အရေးသုံးပါး

- ✰ ပြည်ထောင်စု မပြိုကွဲရေး။
- ✰ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ✰ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ စည်ကားလျက်ရှိ

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် ဇနီးတို့ လာရောက်ဖူးမြော်

### ဖူးမြော်ကြည်ညို

ဗုဒ္ဓမြတ်စွယ်တော်အား အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ဇနီးနှင့် မိသားစုတို့ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)



နေပြည်တော် နိုဝင်ဘာ ၁၇

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာရတနာကျောက်စိမ်း ရုပ်ပွားတော်မြတ်ရှေ့၌ ယာယီ သီတင်းသုံးစံပယ်အပူဇော်ခံလျက်ရှိရာ ယနေ့ (၁၂)ရက်မြောက်နေ့တွင် နံနက်ပိုင်းမှ ညပိုင်းအထိ ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ဇနီး ဒေါ်မြင့်မြင့်သိန်းနှင့် မိသားစုတို့သည် ညနေ ၆ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်ကြသည်။

ယင်းနောက် အလှူခံဌာန၌ ဗုဒ္ဓမြတ်စွယ်တော်အတွက် အလှူတော်ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဗုဒ္ဓမြတ်စွယ်တော်အား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများ အဆက်မပြတ် နေ့စဉ် လာရောက်ဖူးမြော်ကြသကဲ့သို့ အလှူခံဌာနများ၌လည်း သဒ္ဓါပေါက်၍ လာရောက်လှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီမြို့မှ ဆရာတော် သံဃာတော်များဦးဆောင်သော ဘုရားဖူးအဖွဲ့နှင့် ဗီယက်နမ်နိုင်ငံမှ သံဃာတော် Le Thanh Nhan နှင့် သီလရှင် Le Thi Ngoc Hiep တို့ဦးဆောင်သော ဗီယက်နမ် ဘုရားဖူးအဖွဲ့သည် နံနက်ပိုင်းတွင် ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်၍ အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများ သဒ္ဓါကြည်ဖြူပေးလှူနိုင်ရန် ဖွင့်လှစ်အလှူခံလျက်ရှိသည့် အလှူခံဌာနများသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ မိသားစုက ငွေကျပ် ၄၆၀၀၀၀၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့**✳

# (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

# ရိုးရာလှေလှော်နှင့် မြားပစ်တွင် မြန်မာ ရွှေနစ်ဆု ထပ်မံဆွတ်ခူး

ရန်ကုန် နိုဝင်ဘာ ၁၇

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသော (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အမျိုးသမီးနှစ်ယောက်တွဲ ရိုးရာလှေ (Rowing LW2X) ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ သန်းသန်းနွယ်နှင့် ရွှေဇင်လတ်တို့က ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိပြီး ထိုင်းနိုင်ငံက ဒုတိယဆုနှင့် ဗီယက်နမ်နိုင်ငံက တတိယဆုကိုလည်းကောင်း၊ မြားပစ်အမျိုးသမီးအသင်းလိုက် Compound ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ငိုမ်း၊ လှလှစံနှင့် ရောစိမ်းယတို့က ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိပြီး မလေးရှားနိုင်ငံက ဒုတိယဆုနှင့် ထိုင်းနိုင်ငံက တတိယဆုကို လည်းကောင်း ဆွတ်ခူးရရှိသည်။

အမျိုးသားနှစ်ယောက်တွဲ ရိုးရာလှေ (Rowing M2) ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ စောဝေလျန်နှင့် မြင့်စန်းတို့က **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**✤



**အမျိုးသမီးအသင်းလိုက် မြားပစ် (Compound) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိသွားသော လှလှစံ၊ အောင်ငိုမ်းနှင့် ရောစိမ်းယ။**

## သတင်းအညွှန်း

**လန်ဒန် အိုလံပစ်အားကစားပွဲ လုံခြုံရေး ဝေဟင်ပစ်ဒုံးကျည်များ ဖြန့်ကြက်ဖွယ်ရှိ**
နိုင်ငံတကာသတင်း စာမျက်နှာ - ၄

**၂၀၁၁-၂၀၁၂ ခုနှစ်တွင် လာနီညာဖြစ်စဉ်တစ်ခု ဖြစ်လာနိုင် ယခင်နှစ်များထက် မလျော့ပါးသည့် အအေးဒဏ်ကို ရင်ဆိုင်ရဖွယ်ရှိ**
မိုးလေဝသသတင်း စာမျက်နှာ - ၆

**အဆင့်မြင့် ခရီးသည်တင်ယာဉ် တိမ်းမှောက်မှုတွင် သေဆုံးသူများအား လျော်ကြေးပေးအပ်မည်**
ပြည်တွင်းသတင်း စာမျက်နှာ - ၈

**သဘာဝအင်းအိုင်ငါးများနှင့်အပြိုင် မွေးမြူရေးငါးများလည်း အလုံးအရင်းဖြင့် ဝင်ရောက်နေ**
ပြည်တွင်းသတင်း စာမျက်နှာ - ၉

ကြေးမုံစာတည်းရှုထောင့် ၁၈-၁၁-၂၀၁၁ [သောကြာနေ့]။

# မြန်မာမှု၊ မြန်မာဟန်၊ မြန်မာသံ

သမိုင်းအစဉ်အဆက် အနုပညာရသမြောက် မြန်မာ့ဂီတတေးသီချင်းများသည် တိမ်မြုပ်ပျောက်ကွယ်သွားခြင်း မရှိ။ နှစ်ပေါင်းမည်မျှ ကြာကြာ ယနေ့တိုင် မြန်မာ့မြေတွင် ပျံ့လွင့်နေဆဲ။ ဝင့်ဝင့်ကြွားကြွား ရပ်တည်ရှင်သန်နေဆဲ။ လက်ဆင့်ကမ်းပျိုးထောင်ပေးနေသူများလည်း ရှိနေဆဲ။ မျိုးဆက်သစ်လူငယ်များကလည်း မြန်မာတို့၏ ခေတ်ဟောင်းဂန္ထဝင်တေးသွားများကို အမြတ်တနိုးတန်ဖိုးထားနေဆဲဖြစ်သည်။ ယင်းကို မျိုးဆက်သစ်တေးသံရှင်များ သတိပြုမိဟန်ရှိမည်။

ခေတ်သည် ပြောင်းလဲနေသည်။ ခေတ်ပေါ်တေးဂီတ၊ တေးသွားများလည်း လိုက်ပါပြောင်းလဲနေသည်။ တေးသီချင်း၊ တေးသွားပြောင်းလဲမှုကို ယနေ့လူငယ်များ နှစ်သက်ကြသည်။ ခေတ်မီဆန်းသစ်မှုသည် ကောင်းမွန်ပါသည်။ နှစ်ပေါင်းများစွာ ထာဝရမှတ်ကျောက်တင်နိုင်လျှင် ပိုကောင်းမည်။ ခေတ်ဟောင်းတေးဂီတကို မြတ်နိုးခြင်း၊ ထိန်းသိမ်းခြင်းသည် ခေတ်နောက်ပြန်သွားခြင်းမဟုတ်။ မြန်မာ့ယဉ်ကျေးမှု ဂီတရေစီးကြောင်းတွင် ဂီတတေးသွားများ မှတ်ကျောက်တင်နိုင်မှုကို ပြသခြင်းပင်ဖြစ်သည်။

သာဓကအားဖြင့် လွန်ခဲ့သည့်ရက်က ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည့် ခေတ်ဟောင်းစတီရီယိုအဆိုတော်ကြီးများ၏ ဖျော်ဖြေတင်ဆက်ပွဲတွင် သီဆိုခဲ့ကြသည့် မြန်မာမှု၊ မြန်မာဟန်၊ မြန်မာအသံတေးသွားများမှာ နှစ်များကြာညောင်းသော်လည်း ကောင်းနေဆဲပင်ဖြစ်သည်။ ကြည့်ရှုအားပေးသူ ပရိသတ်များမှာ ရုံပြည့်ရုံလျှံသာမက မြန်မာပြည်တစ်ဝန်းလုံးမှ ပြည်သူများက တီဗွီဖန်သားပြင်တွင် တစ်ညလုံး ကြည့်ရှုခံစားခဲ့ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မြန်မာဆန်ဆန်တီးဝိုင်းနှင့် နာမည်ကျော် ခေတ်ပေါ်တေးဂီတအဖွဲ့များ၏ တီးခတ်မှုများမှာ နှစ်သက်စရာ၊ သီဆိုဖျော်ဖြေသူများမှာလည်း ခေတ်ပေါ်တေးသီချင်းဖြစ်စေ၊ မြန်မာဆန်ဆန် တေးသီချင်းဖြစ်စေ မြန်မာသံ ပီပီသသဖြင့် ခံ့ညားစွာဖြင့် မြူးမြူးကြွကြွ သီဆိုသွားခဲ့ကြသည်။ တီးခတ်သူများမှာလည်း သူ့စည်း၊ ကိုယ့်စည်း၊ အပေးအယူမျှတစွာ တီးခတ်သွားကြသည်။ ရောသမမွှေသွားခြင်းမရှိ၊ တိုင်းတစ်ပါးယဉ်ကျေးမှု အပြည့်အဝ လွှမ်းမိုးမှုမပါ၊ ခေတ်ပေါ်တေးဂီတကို မြန်မာ့မှု၊ မြန်မာ့ဟန် မပျောက်စေဘဲ ဖျော်ဖြေတင်ဆက်သွားခဲ့ကြသည်။

စိတ်ဝင်စားဖွယ်၊ ဆွဲဆောင်ဖွယ်ဖြစ်စေရေးအတွက် ခေတ်မီ တူရိယာနည်းပညာများဖြင့် ပေါင်းစပ်ဆောင်ရွက်နေကြခြင်းသည် ခေတ်မီဆန်းသစ်ခြင်းဖြစ်၍ ကောင်းမွန်ပါသည်။ နှလုံးသားထဲတွင် စွဲကျန်ရစ်စေသည့် ခေတ်ဟောင်း အဆိုပညာရှင်တို့၏ အနုပညာရသမြောက် ဖန်တီးမှုများမှာ အတုယူဖွယ်သာဖြစ်သည်။ အချိန်ကာလ ရွေ့လျားတိုက်စားမှု၊ တိုင်းတစ်ပါးယဉ်ကျေးမှုအပြီးတိုင်ထိုးဖောက်မှုတို့က မြန်မာ့ဂန္ထဝင်ခေတ်ပေါ် တေးသီချင်းများကို လွှမ်းမိုးသွားနိုင်ခြင်းမရှိပါ။

ခေတ်ပေါ်တေးဂီတသည် ပြောင်းလဲလာသောခေတ်နှင့်အညီ ရွေ့လျားလာသော်လည်း ဂန္ထဝင်စံတင်ဖို့ လိုပါသည်။ ခေတ်မီဆန်းသစ်ရုံဖြင့် မလုံလောက်၊ မြန်မာ့ယဉ်ကျေးမှုဂီတရေစီးကြောင်းတွင် မှတ်ကျောက်အတင်ခံနိုင်ဖို့ လိုပါသည်။ မည်မျှ ခေတ်မီ ခေတ်မီ အရိုးပေါ် အရွက်မဖုံးဖို့ လိုပါသည်။ မြန်မာမှု၊ မြန်မာဟန်၊ မြန်မာသံ မပျောက်ဖို့တော့ လိုပါသည်။ မြန်မာ့ယဉ်ကျေးမှုကို အခြေခံ၊ ဆန်းသစ်မြူးကြွသည့် တေးသွားများဖြစ်ဖို့ လိုပါသည်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို ချစ်တတ်ဖို့လိုပါသည်။ သို့မှ ဂန္ထဝင်စံတင်သည့် ဘယ်လောက်ဟောင်းဟောင်း ကောင်းနေသည့် တေးသွားများဖြစ်လာပါမည်။ ။

# မင်းကွန်းဆရာတော်ကြီး မတ်ရပ်ကြေးသွန်းရုပ်တုတော်ဖွင့်ပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ကျေးဇူးတော်ရှင် အာဒိကမ္မိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မဟာထေရ်မြတ်ကြီး၏ သက်တော်(၁၀၀)ပြည့် အထိမ်းအမှတ် ဓမ္မဒေသနာခရီး ကြွချီတော်မူဟန် ဆရာတော်ကြီး မတ်ရပ်ကြေးသွန်းရုပ်တုတော်ဖွင့်ပွဲ မဟာမင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့နယ် မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယကျောင်းတိုက်၌ ကျင်းပရာ ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိက ဘဒ္ဒန္တ ဝံသပါလာလင်္ကာရ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ကုလ္လဒ္ဓပါလ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ တင်အောင်အေး၊ အလှူရှင် ဦးမောင်မောင်နှင့် တိပိဋက=နိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ ဦးသူတော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မတ်ရပ်ကြေးသွန်းရုပ်တုတော်အား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မင်းကွန်းတိပိဋကဓရ ရာပြည့်ပူဇော်ပွဲတော်ကြီး ဖွင့်ပွဲမဟာမင်္ဂလာအခမ်းအနားကို ရွှေရတု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ၊ ရွှေစင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ၊ ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်နှင့် တိပိဋက=နိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရာပြည့်ကျောင်းတော်ကြီးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် မင်းကွန်းတိပိဋကဓရ ရာပြည့်ကျောင်းတော်ကြီး မော်ကွန်းကမ္ပည်းကျောက်စာတော်ကို ပါမောက္ခ ဒေါက်တာတင်အောင်အေးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရာပြည့်ကျောင်းတော်ကြီးအတွင်းရှိ မင်းကွန်းဆရာတော်ကြီး ထေရုပ္ပတ္တိပန်းချီနှင့် ရုပ်ရှင်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သာသနာရေး ဝန် ကြီး ဌာ န ပြည် ထောင် စု ဝန်ကြီး သူရ ဦး မြင့် မောင် မင်း ကွန်း ဆရာ တော် ကြီး ၏ သက်တော်(၁၀၀) ပြည့် အထိမ်း အမှတ် မတ်ရပ် ကြေးသွန်းရုပ်တု တော်အား စက် ခ လုတ် နှိပ် ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)



## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၈-၁၁-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၅ ၁။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ မြန်မာ့ရှုခင်း

**ညပိုင်း**

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၂။ အဖွင့်သီချင်း
- ၄း၀၅ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၀ ၄။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၅။ ပညာပေးဇာတ်လမ်းတို
- ၄း၂၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၀ ၈။ အိုင်စီတီသုတ
- ၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ် (အပိုင်း-၅)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၁၅ ၁၃။ "ရွာ"ဟာသဇာတ်လမ်းတွဲ အပိုင်း(၁၂၃) ကျော်က တစ်နေ့တာ သူရဇ္ဇ၊ ကျော်ဇေသော် ဦးမင်းခိုင်နှင့် သရုပ်ဆောင်များ
- ၆း၄၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၂၇)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ဒို့တာဝန်အရေး(၃)ပါး
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၂။ သံစဉ်များနှင့်ကမ္ဘာ
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၁၁)**
- ၂၅။ ကမ္ဘာတစ်ခွင်ခရီးစဉ်

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

**၁၇-၁၁-၂၀၁၁**

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၉၀၀၈ | ၀. ၀၃၂၃၆ |
| တရုတ် (ယွမ်) | ၆. ၃၄၁၉၀ | ၀. ၁၅၇၆၈ |
| အိန္ဒိယ (ရူပီး) | ၅၀. ၉၀၃၀ | ၀. ၀၁၉၆၅ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၅၆၈၀ | ၀. ၃၁၆၇၈ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၄၇၁ | ၀. ၇၇၂၃၈ |
| ဂျပန် (ယန်း) | ၇၆. ၉၇၀၂ | ၀. ၀၁၂၉၉ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၂. ၅၉ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၄၁၆၀ | ၁. ၃၄၈၄၃ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၃၉၉ | ၁. ၅၇၇၃၂ |

*အင်တာနက်။*

## မန္တလေးကုန်စည်ဈေးနှုန်း

**(၁၇-၁၁-၂၀၁၁)**

**ရွှေဈေး**

| | |
|---|---|
| အခေါက်ရွှေ(အဆင့်-၁) | ၇၃၂၅၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၇၃၁၅၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၅၈၅၀၀ |

**ဆန်ဈေး**
**(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)**

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၃၅၀၀၀ |
| ရွှေဘိုမနော် | ၂၆၀၀၀ |
| မဂျမ်းတော | ၂၈၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ(သစ်) | ၁၉၅၀၀ |
| ဧယာ(ဟောင်း) | ၂၁၅၀၀ |
| ဧယာ(သစ်) | ၁၅၅၀၀ |
| ငစိန် | ၁၄၀၀၀ |
| ရောမင်း | ၂၆၀၀၀ |

**ဆီဈေး**

| | |
|---|---|
| ပဲဆီ | ၃၂၀၀/၃၆၅၀ |
| နှမ်းဆီ | ၂၄၇၅/၂၅၀၀ |
| ပန်းနှမ်းဆီ | ၂၆၀၀/၃၀၀၀ |
| နေကြာဆီ | ၂၇၀၀/၃၀၀၀ |
| မုန်ညင်းဆီ | ၂၈၅၀/၂၈၅၀ |
| စားအုန်းဆီ | ၁၇၉၀/၁၈၁၀ |
| ကြက်ဆူဆီ | ၃၂၀၀ |

**သကြားဒိုင်ဈေးနှုန်း**

| | |
|---|---|
| ခါသကြား | ၈၃၀/၈၂၀ |
| ပွတ်သား | ၆၄၀/၆၅၀ |
| ခါရေ | ၃၂၀/၃၃၀ |
| ပေါင်းရေ | ၂၆၀ |

**ပေါင်းသကြားစက်ရုံဈေး**

| | |
|---|---|
| ထိပ်စ A | ၁၁၈၀ |
| လတ်စ B | ၁၁၆၀ |
| အောက် C | ၁၁၄၀ |

**စက်သုံးဆီ**

| | |
|---|---|
| ရေနံစိမ်း(တစ်စည်) | ၁၁၂ ဒသမ ၂၀ ဒေါ်လာ |
| ဓာတ်ဆီ(တစ်ဂါလန်) | ၂၅၀၀/၄၃၀၀ |
| ဒီဇယ်ဆီ(တစ်ဂါလန်) | ၃၅၀၀/၃၃၀၀ |

**(၀၀၂)**

## ထူးကြီး အထက မြတ်ဆရာပူဇော်မည်

**ထူးကြီး နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ထူးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ထူးကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကြပါရန် ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဦးမျိုးသန့် ဖုန်း-၀၉-၇၃၀၃၈၀၁၃၊ ဦးမြင့်သိန်း ဖုန်း-၀၉-၅၁၀၃၂၁၀၊ ဦးမြင့်သန်း ဖုန်း-၀၉-၇၃၀၅၇၂၇၇၊ ဦးခင်မောင်ကြည် ဖုန်း-၀၉-၇၃၁၃၈၃၉၄၊ ဒုတိယဗိုလ်မှူးကြီး ရွှေခိုင်(ငြိမ်း) ဖုန်း-၀၉-၅၃၅၁၉၄၊ ဦးတင်ဦး ဖုန်း-၀၉-၄၉၃၄၃၅၇၅၊ ဦးမြင့်ထွန်း ဖုန်း-၀၉-၄၉၇၆၈၈၈၀၊ ဦးတင်ဝင်း ဖုန်း-၀၄၄-၃၃၃၃၀၊ ဦးကြည် ဖုန်း-၀၄၄-၃၃၂၃၃၊ ကိုအောင်မိုးဦး ဖုန်း-၀၉-၄၉၇၄၉၂၉၆၊ ကိုအောင်ဆန်းသူ ဖုန်း-၀၉-၈၅၈၁၅၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)



**ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဆိပ်ကြီးခနောင်တိုမြို့နယ်ရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစီးဝန်ထမ်းများ ဆိပ်ကြီးအနောက်ရပ်ကွက် ပိတောက်မြိုင်လမ်းအတွင်း ရှုပ်ထွေးအိမ်သုံးဝါယာကြိုးများ ရှင်းလင်းခြင်းနှင့် ဆွေးမြည့်နေသော အိမ်သုံးဝါယာကြိုးများအား လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ရှင်းလင်းဆောင်ရွက်စဉ်။**

(မြို့နယ်ပြန်/ဆက်)

## ပဲခူးမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ပဲခူးမြို့နယ်အသင်း (ရန်ကုန်)၏ (၂၂)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို နိုဝင်ဘာ ၅ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးလမ်း (အောင်ဆန်းကွင်း မြောက်ဘက်ခြမ်း) ဒုတိယထပ် အမှတ်(၁၀/၁၁)၌ ကျင်းပရာ အသင်းသူ၊ အသင်းသားများ စုံညီစွာ တက်ရောက်ကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြကြောင်း သိရသည်။(ကြေးမုံ)

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

## ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ကိုရီးယားသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-Yong သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး သံတမန်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝင်း၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-Yong လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ၁၃၇၃-၇၄ ပညာသင်နှစ် ကျောင်းဖွင့်ရက် ပြင်ဆင်သတ်မှတ်

**ရန်ကုန် နိုဝင်ဘာ ၁၇**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ၁၃၇၃-၇၄ ပညာသင်နှစ်အတွက် ယခင်သတ်မှတ်ထားသော ကျောင်းဖွင့်ရက် ၁၃၇၃ ခုနှစ် နတ်တော်လဆန်း ၁ ရက် (၂၆-၁၁-၂၀၁၁)၊ အဆောင်ပြန်ဝင်ရက် တန်ဆောင်မုန်းလပြည့်ကျော် ၁၃၊ ၁၄၊ ၁၅ ရက် (၂၃-၁၁-၂၀၁၁၊ ၂၄-၁၁-၂၀၁၁၊ ၂၅-၁၁-၂၀၁၁) အစား နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ကျောင်းဖွင့်ရက်ကို ၁၃၇၃ ခုနှစ် နတ်တော်လပြည့်ကျော် ၂ ရက် (၁၂-၁၂-၂၀၁၁) ရက်သို့ လည်းကောင်း၊ အဆောင်ပြန်ဝင်ရက်ကို နတ်တော်လဆန်း ၁၄၊ ၁၅၊ နတ်တော်လပြည့်ကျော် ၁ ရက် (၉-၁၂-၂၀၁၁၊ ၁၀-၁၂-၂၀၁၁၊ ၁၁-၁၂-၂၀၁၁) ရက်များသို့ လည်းကောင်း ပြင်ဆင်သတ်မှတ်ကြောင်းနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)တွင်မူ ယခင်သတ်မှတ်ထားသည့်ရက်အတိုင်းဖြစ်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

**မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် သပိတ်ကျင်းမြို့ ပြည်သူ့ဆေးရုံတိုးချဲ့နှစ်ထပ်ဆောင်သစ်ဖွင့်ပွဲနှင့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**
(သတင်းစဉ်)



## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် သပိတ်ကျင်းမြို့၌ ပြည်သူ့ဆေးရုံနှစ်ထပ်ဆောင်သစ်နှင့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားများ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် နိုဝင်ဘာ ၁၂ ရက်တွင် ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့၌ ပြည်သူ့ဆေးရုံတိုးချဲ့နှစ်ထပ်ဆောင်သစ်ဖွင့်ပွဲနှင့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအခမ်းအနားသို့ တက်ရောက်သည်။

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်နှင့် မီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် တကောင်းမြို့နယ်ခွဲသို့ ရောက်ရှိကြပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် တကောင်းမြို့နယ်ခွဲအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ၂၀၀၄ ခုနှစ်က ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့သော တကောင်းမြို့နယ်ခွဲ ဖုန်ကုန်းကျေးရွာ ဗိုဝခေါ်တင်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တကောင်းမြို့နယ်ခွဲရှိ တကောင်းရှေးဟောင်းသုတေသနပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## အလက (၄) မြောက်ဥက္ကလာ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် (ဃ)ရပ်ကွက် မေခါဝီလမ်းရှိ အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းစံအောင်၊ မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်နှင့် ကျောင်းအလှူရှင် Zawgyi care ကုမ္ပဏီမှ ဒေါ်ခင်မေဖြိုးဝင်းတို့ တက်ရောက်ကြပြီး နှစ်ထပ်ကျောင်းဆောင်သစ်ကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ယင်းနောက် နှစ်ထပ်ကျောင်းဆောင်သစ်ကြီးအား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို နှင်းသစ္စာခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်ကြီး ဒေါက်တာမြင့်သိန်းက ဂုဏ်ပြုအမှာစကား ပြောကြားပြီး အလှူရှင် ဒေါ်ခင်မေဖြိုးဝင်းက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းစံအောင်က လက်ခံရယူသည်။

၎င်းနောက် ကျောင်းအလှူရှင် ဒေါ်ခင်မေဖြိုးဝင်း၊ စာသင်ခုံအလှူရှင် ဦးဖိုးချစ်-ဒေါ်စန်းစန်းငွေ့ မိသားစုနှင့် ကွန်ကရစ်လမ်းအလှူရှင် ဦးခင်မောင်ဝင်း-ဒေါ်ခင်ခင်ဦး မိသားစုတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မေနှင်းနွယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (ကြေးမုံ)



## မြန်မာနိုင်ငံစာရင်းကောင်စီ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီ ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း) သင်တန်းစာမေးပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

၂၀၁၁ ပညာသင်နှစ် ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်းစာမေးပွဲကို နေပြည်တော်စာစစ်ဌာန (ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရုံးအမှတ်(၁၂) နေပြည်တော်)နှင့် ရန်ကုန်စာစစ်ဌာန (ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း အမှတ်-၁/၁၉ သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့)တို့တွင် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၁၃ ရက်အထိ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းကို အဆိုပါလိပ်စာများ၌ ကြေညာထားပြီး စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာကို သက်ဆိုင်ရာစာစစ်ဌာနများတွင် ဝယ်ယူ၍ နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၉ ရက်အထိ ရုံးဖွင့်ရက်များ၌ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း စာမေးပွဲကြေး ငွေကျပ် ၂၀၀၀ ပေးသွင်းကာ ယင်းငွေရပြေစာမူရင်း၊ လိုင်စင်ဓာတ်ပုံ (၃)ပုံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း+မိတ္တူ) ပြသ၍ ဖြေဆိုသူကိုယ်တိုင် ဖြေဆိုခွင့်လျှောက်လွှာ တင်သွင်းရမည်။ မိမိတို့ သင်တန်းတက်ရောက်ရာ သင်တန်းကျောင်း(စာစစ်ဌာန)တွင်သာ လျှောက်လွှာတင်သွင်းကြရမည်။

အရည်အချင်း ကိုက်ညီသူများသာလျှင် ဖြေဆိုခွင့် လျှောက်ထားရမည်ဖြစ်သည်။ ဖွင့်လှစ်ဆဲသင်တန်းကို တက်ရောက်ပြီး ဖြေဆိုမည့်သူများအတွက် သင်တန်းကာလ ကိုးလအတွင်း ဘာသာရပ်အသီးသီးတွင် သင်တန်းတက်ရောက်ချိန် ၆၀ ရာခိုင်နှုန်းပြည့်မီသူများ၊ ယခင်စာမေးပွဲများတွင် ကျရှုံးခဲ့သူများ (ယခင်ဖြေဆိုခဲ့သည့် အထောက်အထား တင်ပြရမည်) စသည်တို့နှင့် ကိုက်ညီရမည်။

ဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာ စာစစ်ဌာနအသီးသီးတွင် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၆ ရက်အတွင်း ရုံးဖွင့်ရက်များတွင် ထုတ်ပေးမည်။ စာမေးပွဲစတင်ဖြေဆိုသည့်နေ့တွင် လုံးဝထုတ်ပေးမည် မဟုတ်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများအတွက် မည်သည့်အကြောင်းပြချက်ကိုမျှ လက်ခံစဉ်းစားပေးမည် မဟုတ်ကြောင်း စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

## မိုင်းဖြတ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ကျိုင်းတုံ နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် နမ့်လန်းကျေးရွာအုပ်စု ကွင်းအမှတ်(၇/ခ) ဦးပိုင်အမှတ်(၂၂) တောင်သူ ဦးအိုက်ပျန်း၏ လယ်မြေ ၁ ဒသမ ၃၄ ဧကရှိ လယ်မြေတွင် မိုးစပါးစံကွက် ရိတ်သိမ်းခဲ့ပြီး ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ထင်က ဒေသခံ တောင်သူလယ်သမားများအား တစ်ဧက စပါးတင်း ၁၀၀ နှုန်းအထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ် လိုက်နာကျင့်သုံးရေး၊ ဆောင်းသီးနှံနှင့် နွေစပါးတိုးတက်စိုက်ပျိုးရေး ဆွေးနွေးပြီး စံကွက်ရိတ်သိမ်းရာ **(ယာပုံ)** ကောင်းအဆင့် ဆင်းကေရီ-၃ တစ်ဧကလျှင် ၈၅ ဒသမ ၄၄ တင်းနှုန်း ထွက်ရှိသည်။

(ပြည်နယ်မြေစာရင်း)



## ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၇၂-၇၈)ဘာသာရပ်ပေါင်းစုံ ကျောင်းသားဟောင်းများ မိတ်ဆုံညစာစားပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်စက်မှုတက္ကသိုလ်သို့ ၁၉၇၂ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် ဘွဲ့ရရှိခဲ့ကြသော ကာလအတွင်း တွေ့ဆုံရင်းနှီးခဲ့ကြကာ အတူတကွ ပညာဆည်းပူးခဲ့ကြသည့် အင်ဂျင်နီယာဘာသာရပ်ပေါင်းစုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ကျောင်းဆင်း(၃၃)နှစ်မြောက် နဝမအကြိမ်မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၂၆ ရက် (စနေနေ့) ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ မြေပဒေသာကျွန်းကန်တော်ကြီးစောင်းရှိ Dolphin Restaurant ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ အားလုံး တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ကျော်ဝင်း ဖုန်း-၀၉-၅၁၅၃၃၉၉၊ မြတ်ငြိမ်း ဖုန်း-၀၉-၅၁၁၁၂၃၃၊ မြင့်ဆွေ ဖုန်း-၀၉-၅၁၈၆၅၄၅၊ ဝင်းငွေ ဖုန်း-၀၉-၈၀၃၀၃၂၆၊ သန်းညွန့် ဖုန်း-၀၁-၇၀၁၇၇၃၊ လှမြင့် ဖုန်း-၀၉-၅၀၀၁၁၂၃၊ မြင့်အောင် ဖုန်း-၀၉-၅၁၉၆၇၄၄၊ အောင်လှချစ် ဖုန်း-၀၉-၅၀၀၅၀၅၈၊ လှလှမြင့် ဖုန်း-၀၁-၅၃၇၈၉၆၊ မကြည်ငွေ ဖုန်း-၀၁-၅၃၈၈၆၁နှင့် တင်တင်အေး ဖုန်း-၀၉-၇၃၀၇၈၂၃၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

# ပါကစ္စတန်တွင် အမေရိကန်မောင်းသူမဲ့ လေယာဉ်ဖြင့် တိုက်ခိုက် ၁၆ ဦးသေဆုံး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၇**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် နိုဝင်ဘာ ၁၆ရက် နံနက်ပိုင်းက အမေရိကန်မောင်းသူမဲ့လေယာဉ်မှ ပစ်ခတ်တိုက်ခိုက်ရာ သေဆုံးသူ ၁၆ ဦးအထိရှိကြောင်း ဒေသခံသတင်းဌာနများက နိုဝင်ဘာ ၁၇ ရက်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံနယ်စပ်ရှိ ပါကစ္စတန်အနောက်မြောက်ပိုင်း၌ မျိုးနွယ်စုများနေထိုင်ရာ တောင်ဝါဇီရစ္စတန်ဒေသတွင် အဆိုပါတိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း ဒေသခံရုပ်မြင်သံကြားလိုင်းများဖြစ်သော အေအာရ်ဝိုင်နှင့် စီအိုင်အင်န်က ထုတ်လွှင့်သည်။

ယင်းတိုက်ခိုက်မှုတွင် တာလီဘန်တပ်မှူးနှစ်ဦး သေဆုံးကြောင်း နောက်ဆုံးရရှိသည့်သတင်းတွင် ဖော်ပြသည်။

**ပစ်ခတ်**

နိုဝင်ဘာ ၁၆ ရက် နံနက် ဒေသစံတော်ချိန် ၁၀ နာရီဝန်းကျင်ခန့်တွင် အမေရိကန်မောင်းသူမဲ့လေယာဉ်က တာလီဘန်စစ်သွေးကြွများ၏ ခြေကုပ်စခန်းဟု ယူဆရသော အထက်ပါဒေသသို့ ဒုံးကျည်လေးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်သည်ဟု သတင်းတွင် ဖော်ပြထားသည်။ **ဆင်ဟွာ။**



# ပါကစ္စတန်နှင့် တရုတ်အထူးတပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်

**အစ္စလမ္မာဘတ် နိုဝင်ဘာ ၁၇**

ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့သည် ရက်သတ္တနှစ်ပတ်ကျော်မျှကြာမြင့်မည့် ပူးတွဲစစ်ရေး လေ့ကျင့်မှုတစ်ရပ်ကို ပြုလုပ်လျက်ရှိကြောင်း ပါကစ္စတန်သတင်းဌာနများက နိုဝင်ဘာ ၁၆ရက်တွင် သတင်းထုတ်ပြန်သည်။

ယူယီ-၅ဟု အမည်ပေးထားသော ပါကစ္စတန်-တရုတ်ပူးတွဲစစ်ရေးလေ့ကျင့်မှု၏ ဦးတည်ချက်မှာ နှစ်နိုင်ငံတပ်ဖွဲ့များ၏ လေ့ကျင့်ရေးအစီအစဉ်မှတစ်ဆင့် နှစ်နိုင်ငံတပ်ဖွဲ့များ အချင်းချင်း အတွေ့အကြုံများနှင့် သတင်းအချက်အလက်များကို ဖလှယ်နိုင်ရန်ဖြစ်ကြောင်း ပါကစ္စတန် အေပီသတင်းဌာနက သတင်း ထုတ်ပြန်သည်။

ပါကစ္စတန်-တရုတ် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို နိုဝင်ဘာ ၁၄ရက်တွင် ဂျေလန်မြို့အနီး၌ စတင်ခဲ့သည်။ **(အပေါ်ပုံ)**

ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့သည် ပူးတွဲစစ်ရေးလေ့ကျင့်မှု အစီအစဉ်များကို အကောင်အထည်ဖော်လာမှုမှာ စတုတ္ထအကြိမ်ရှိခဲ့ပြီဖြစ်သည်။ စစ်ရေးလေ့ကျင့်မှုတွင် နှစ်နိုင်ငံမှ အထူးတပ်ဖွဲ့များ ပါဝင်လေ့ကျင့်လျက်ရှိကြသည်။

ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့၏ ပထမအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ၂၀၀၄ခုနှစ်တွင် ပြုလုပ်ခဲ့သည်။ ပူးတွဲစစ်ရေးလေ့ကျင့်မှု အစီအစဉ်များကို အကောင်အထည်ဖော်ခြင်းဖြင့် နှစ်နိုင်ငံတပ်ဖွဲ့များအကြား ရင်းနှီးချစ်ကြည်မှုကို တည်ဆောက်နိုင်ကာ အတွေ့အကြုံနှင့် နည်းပညာများကို ဖလှယ်နိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။ **အင်တာနက်။**

# အာဖဂန်နစ္စတန်တွင် စစ်သွေးကြွ ၂၇ ဦးသေဆုံး ခြောက်ဦးလက်ရဖမ်းမိ

**ကဘူး နိုဝင်ဘာ ၁၇**

လွန်ခဲ့သော ၂၄ နာရီအတွင်းက နေတိုးဦးဆောင်သော မဟာမိတ်တပ်ဖွဲ့ဝင်များ၏ ပံ့ပိုးမှုဖြင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်သွေးကြွ ၂၇ ဦးကို ချေမှုန်းတိုက်ခိုက် ၍ ခြောက်ဦးကို လက်ရဖမ်းဆီးရမိကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၇ ရက်တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့နှင့် ကူနာပြည်နယ်၊ နန်ဂဟာပြည်နယ်၊ ကာပီဆာပြည်နယ်၊ ကန်ဒုဇ်ပြည်နယ်၊ ကန်ဒါဟာပြည်နယ်တို့တွင် အာဖဂန်အမျိုးသားရဲတပ်ဖွဲ့၊ အာဖဂန်အမျိုးသား စစ်ဘက်ဆိုင်ရာနှင့် မဟာမိတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ စစ်ဆင်ရေးပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ကြေညာချက်တွင် ပါရှိသည်။ တိုက်ပွဲအတွင်း စစ်သွေးကြွများဘက်မှ ၂၇ ဦး သေဆုံး၍ ခြောက်ဦးလက်ရ ဖမ်းမိခဲ့ပြီးနောက် ၎င်းတို့ထံမှ လက်နက်နှင့် ခဲယမ်းမီးကျောက်အနည်းငယ်ကိုလည်း သိမ်းဆည်းရမိသည်ဟု ဆိုသည်။ **ဆင်ဟွာ။**

# တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ဖမ်းဆီးရမိသည်ဆိုမှု ငြင်းဆို

**အစ္စလမ္မာဘတ် နိုဝင်ဘာ ၁၇**

မိမိအား လက်ရဖမ်းဆီးရမိသည်ဆိုသော သတင်းမှာ မှန်ကန်ခြင်းမရှိကြောင်း တာလီဘန်အဖွဲ့၏ ထင်ပေါ်ကျော်ကြားသော ပြောရေးဆိုခွင့်ရှိသူ ဇာဘူလာမူဂျာဟစ်က တုံ့ပြန်ပြောကြားလိုက်သည်ဟု အမေရိကန်နိုင်ငံ၌ ထုတ်ဝေသော နယူးယောက်တိုင်းမ် သတင်းစာက နိုဝင်ဘာ ၁၆ ရက်တွင် ရေးသားဖော်ပြသည်။

တာလီဘန်ပြောရေးဆိုခွင့်ရှိသူ မူဂျာဟစ်ကို ဖမ်းဆီးရမိခဲ့သည်ဟု အာဖဂန် တာဝန်ရှိသူများက ထုတ်ပြန်ကြေညာခဲ့ပြီးနောက် နာရီပိုင်းအကြာတွင် ၎င်းကငြင်းဆိုခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

မူဂျာဟစ်သည် အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသတို့၌ တာလီဘန်အဖွဲ့၏ လှုပ်ရှားမှုများနှင့် ပတ်သက်၍ ပြောရေးဆိုခွင့်ရှိသူအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ ပက်တီကာပြည်နယ် ဆာဟာဝါဇာခရိုင်၌ တာလီဘန်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူကို ဖမ်းဆီးရမိခဲ့သည်ဟု အာဖဂန်တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။ **အင်တာနက်။**



တာလီဘန်ပြောရေးဆိုခွင့်ရှိသူ မူဂျာဟစ်။

# တရုတ်-အင်ဂိုလာ ရဲတပ်ဖွဲ့ ပူးတွဲ၍ လူကုန်ကူးမှုဖြိုခွင်း

**ပေကျင်း နိုဝင်ဘာ ၁၇**

တရုတ်နှင့် အင်ဂိုလာနိုင်ငံမှ ရဲတပ်ဖွဲ့တို့သည် တရုတ်အမျိုးသမီးများ ပြန်ပေးဆွဲပြီး အင်ဂိုလာနိုင်ငံ၌ ပြည့်တန်ဆာအဖြစ် ရောင်းစားခဲ့ကြသည့် ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်းကို ဖြိုခွင်းနိုင်ခဲ့ကြောင်း ကြာသပတေးနေ့ ဆင်ဟွာသတင်း၌ဖော်ပြသည်။ အဆိုပါအမှုသည် တရုတ်နိုင်ငံတွင်ဆယ်စုနှစ်များ၌ အကြီးဆုံး လူကုန်ကူးမှုကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့၏ အကူအညီမရလျှင် မိမိတို့သည် မိခင်နိုင်ငံသို့ ပြန်ရောက်မည့်အချိန်ကို မသိနိုင်ကြကြောင်း၊ မိမိတို့၏ဘဝကို ရဲတပ်ဖွဲ့က ကယ်တင်ပေးလိုက်ခြင်း ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များကို အမှန်တကယ်ကျေးဇူးတင်ကြောင်း ပြန်ပေးဆွဲခံရသည့် အမျိုးသမီးများက ပြောကြားခဲ့သည်။

၎င်းတို့သည် အင်ဂိုလာနိုင်ငံမှရဲတပ်ဖွဲ့က ကယ်တင်ပေးခဲ့သော အမျိုးသမီးများဖြစ်၍ အင်ဂိုလာတွင် အိပ်မက်ဆိုးကြီးပမာ နေထိုင်ခဲ့ကြရသည်ဟုဆိုသည်။ ၎င်းတို့အားလုံးသည် ပညာမဲ့ ဆင်းရဲနွမ်းပါးသောမိသားစုများမှဖြစ်၍ ငွေရှာရန်အတွက် ပြည်ပ၌ သွားရောက်အလုပ်လုပ်လိုကြကြောင်း၊ ထို့ကြောင့် လူလိမ်များကို ယုံကြည်မိခဲ့ကြကြောင်း ပြန်လည်ပြောပြခဲ့ကြသည်။

အဆိုပါအမျိုးသမီးများသည် အင်ဂိုလာနိုင်ငံသို့ ရောက်လျှင်ရောက်ချင်း ၎င်းတို့၏ နိုင်ငံကူးလက်မှတ်ကိုယူထားလိုက်ကြပြီး လုံခြုံရေးတင်းကြပ်စွာဖြင့် ထိန်းသိမ်းထားကြောင်း၊ ၎င်းတို့နေရာကို နှစ်မီတာနံရံအမြင့်ကာထားပြီး အချိန်နှင့်အမျှ ဂိတ်ဝ၌ လက်နက်ကိုင်ဆောင်ထားသော အစောင့်လေးဦး စောင့်ကြပ်လျက်ရှိသည်။

ထိုအမျိုးသမီးများကို ထိန်းသိမ်းထားသူများက ဗီဇာလျှောက်လွှာနှင့် လေယာဉ်လက်မှတ်အတွက် လက်ငင်းငွေပေးချေရန် ခြိမ်းခြောက်ပြီး ပြည့်တန်ဆာအဖြစ် ဆောင်ရွက်ရန် ဖိအားပေးခဲ့ကြသည်။

အဆိုပါ အမျိုးသမီးများထဲမှ တစ်ဦးသည် တရုတ်နိုင်ငံရှိ ဆွေမျိုးများနှင့် အဆက်အသွယ်ရရှိခဲ့ကြပြီး ရဲတပ်ဖွဲ့ကို သတင်းပေးခဲ့သည်။

နိုင်ငံခြားရေးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းလေကြောင်း အုပ်ချုပ်ရေးဌာနတို့၏ အကူအညီဖြင့် ယမန်နှစ်မှစ၍ ယနေ့အထိ အင်ဂိုလာနိုင်ငံသို့သွားခဲ့ကြသော အမျိုးသမီးများ စာရင်းကို ပြုစုခဲ့ကြသည်။ ထောင်ပေါင်းများစွာသောအမည်များအနက်မှ နောက်ဆုံးတွင် အင်ဂိုလာနိုင်ငံ၌ အဓမ္မထိန်းသိမ်းထားသောအမျိုးသမီး ၁၂ဦး၏အမည်ကို တွေ့ရှိခဲ့ကြသည်။

တရုတ်ရဲတပ်ဖွဲ့သည် အင်ဂိုလာရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ အောက်တိုဘာ ၂၅ရက်တွင် အင်ဂိုလာနိုင်ငံ၌ ပူးတွဲစစ်ဆင်ရေးတွင် မသင်္ကာသူ ၁၁ ဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး ထို့နောက် တရုတ်နိုင်ငံ၌ ထပ်မံ၍ ငါးဦးကို ဖမ်းဆီးနိုင်ခဲ့သည်ဟု သိရှိရသည်။ **ဆင်ဟွာ။**



# အိန္ဒိယသို့ ယူရေနီယံတင်ပို့မှု ပိတ်ပင်ချက် ရုပ်သိမ်းသင့်ဟု ဩစတြေးလျဝန်ကြီးချုပ်ပြောဆို

**ကင်ဘာရာ နိုဝင်ဘာ ၁၇**

အိန္ဒိယနိုင်ငံသို့ ယူရေနီယံ ရောင်းချမှုအား ပိတ်ပင်ထားချက်ကို ပြန်လည်ရုပ်သိမ်းနိုင်ရန် ဆောင်ရွက်သင့်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် ဂျူလီယာဂီးလတ်က နိုဝင်ဘာ ၁၅ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံသို့ ယူရေနီယံရောင်းချမှု မပြုလုပ်ရန် ပိတ်ပင်ချက်သည် ဩစတြေးလျနိုင်ငံနှင့် သံတမန်ရေးအရ အတားအဆီးတစ်ရပ်ဖြစ်ခဲ့ရသည်။

အိန္ဒိယနိုင်ငံ၏ အရပ်ဘက်ဆိုင်ရာ နျူကလီးယား အစီအစဉ်အား ထောက်ခံရန် အမေရိကန်နိုင်ငံက သဘောတူညီခဲ့ပြီးနောက် ဩစတြေးလျဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံအား စီးပွားရေးအရနှင့် ဘူမိပထဝီဝင်နိုင်ငံရေးအရ တန်ပြန်နိုင်သော နိုင်ငံအဖြစ် အမေရိကန်နိုင်ငံက ရှုမြင်သည်။

အဆိုပါ ပိတ်ပင်ချက်ကို ပြန်လည်ရုပ်သိမ်းမည်ဆိုပါက ဩစတြေးလျကုမ္ပဏီများအနေဖြင့် အိန္ဒိယသို့ ယူရေနီယံ တင်ပို့ရောင်းချခွင့် ရရှိလာမည်ဖြစ်သည်။ **အင်တာနက်။**

# မော်စကိုမြစ်အတွင်း ရေပေါ်ဟိုတယ်၌ မီးလောင်မှုဖြစ်ပွား၊ သေဆုံးသူမရှိ

**မော်စကို နိုဝင်ဘာ ၁၇**

ရုရှားနိုင်ငံ မော်စကိုမြစ်အတွင်း တည်ရှိသော ရေပေါ်ဟိုတယ်တစ်လုံး၌ နိုဝင်ဘာ ၁၅ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ခရီးသည် ၁၅ ဦးနှင့် ဝန်ထမ်း ၁၆ ဦးတို့ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးလိုက်ရကြောင်း အိုင်အာရ်အေနိုဗိုစတီ သတင်းဌာနက နိုဝင်ဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ရေပေါ်ဟိုတယ်၌ မီးလောင်မှုကြောင့် သေဆုံးသူတစ်ဦးတစ်ယောက်မျှမရှိသော်လည်း လူအချို့ကို ဆေးရုံသို့ တင်ပို့ပေးလိုက်ရသည်။ မီးလောင်မှုဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။ **အင်တာနက်။**

# လန်ဒန်အိုလံပစ်အားကစားပွဲလုံခြုံရေး ဝေဟင်ပစ်ဒုံးကျည်များ ဖြန့်ကြက်ဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၁၇

**၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်အားကစားပွဲတော် လုံခြုံရေး အတွက် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များကို ဖြန့်ကြက်ဖွယ်ရှိကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဖီးလစ်ဟမ်မွန်းက အတည်ပြုပြောကြားကြောင်း ဒေလီမေးလ်သတင်းစာက ရေးသားဖော်ပြသည်။**

လာမည့်နှစ်တွင် ကျင်းပမည့် အိုလံပစ်အားကစားပွဲတော် လုံခြုံရေးအတွက် ဗြိတိသျှအစိုးရအဖွဲ့က အလေးအနက်ထားကာ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ဒေလီမေးလ်သတင်းစာတွင် ဖော်ပြသည်။

၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်အားကစားပွဲတော်ကို အကြမ်းဖက်သမားများက ပစ်မှတ်ထားခြင်းမရှိစေရန် ဗြိတိန်နိုင်ငံက လုံခြုံရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ပါဝင်ကူညီနိုင်ရန် အမေရိကန်ဖက်ဒရယ် စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်) စုံထောက် ၅၀၀ ဦးအပါအဝင် ထောက်လှမ်းရေး ဝန်ထမ်း ၁၀၀၀ ကို စေလွှတ်ပေးမည်ဖြစ်ကြောင်း သတင်းစာတွင် ဆက်လက်ရေးသားထားသည်။

အိုလံပစ်အားကစားပွဲတော် လုံခြုံရေးအတွက် ဆောင်ရွက်ရာတွင် စစ်ဘက်တာဝန်ရှိသူများ၏ အကြံပြုချက်များကိုပင် ရယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ အကယ်၍ လုံခြုံရေးအခြေအနေအရ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များ ဖြန့်ကြက်ရန် လိုအပ်သည်ဆိုပါက ယင်းကဲ့သို့ ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများအားကိုးကားလျက် သတင်းစာတွင် ဖော်ပြသည်။ **အင်တာနက်။**



**၂၀၁၂ ခုနှစ်တွင် ကျင်းပမည့် လန်ဒန်အိုလံပစ် အားကစားပြိုင်ပွဲရုံကြီး ပြီးစီးမှုကို ဤသို့တွေ့ရစဉ်။**

## စီးပွားဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆောင်ရွက်နေ ပုသိမ်ကို မြို့တော်အင်္ဂါရပ်နှင့်အညီ တိုးတက်အောင်ဆောင်ရွက်မည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲတွင် ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက်ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း "ပမ္မဝတီ"ခန်းမ၌ အမှတ်(၄) ရပ်ကွက်အတွင်းရှိ ရပ်မိ/ရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဆွေးနွေးမှာကြားရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများရရှိအောင် ဆောင်ရွက်နေကြောင်း၊ အထူးသဖြင့် တိုင်းဒေသကြီးအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပုသိမ်မြို့ကိုလည်း မြို့တော်အင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ထို့အပြင် တိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍနှင့် ပညာရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့် တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၁-၂၀၁၂ ပညာသင်နှစ်ကို တိုင်းဒေသကြီး၏ ပညာရေးအထူးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်နေကြောင်း၊ ယင်းကဲ့သို့ တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားခဲ့သည်။ (သတင်းစဉ်)



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက်အတွင်းရှိ ရပ်မိ/ရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ဆွေးနွေးမှာကြားစဉ်။(သတင်းစဉ်)

## မီးဖိုမီးကြွင်းအား သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံးအပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

**မီးသတ်ဦးစီးဌာန**

## မြို့နယ်စာပေနှင့် စာနယ်ဇင်းအတွက် အလှူငွေပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၇**

နိုဝင်ဘာ ၁၀ ရက်က စွမ်းအားတံခွန် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီခန်းမ၌ ပြုလုပ်သော သယ်န်းကျွန်းမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွက် အလှူငွေပေးအပ်ပွဲကျင်းပရာ ဦးသန်းဝင်း (စာရေးဆရာ သံချောင်း)၊ MD စွမ်းအားတံခွန် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီက သယ်န်းကျွန်းမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အလှူငွေကျပ် ၅၀၀၀၀၀ ပေးအပ်ရာ သယ်န်းကျွန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ရေနံမြေမောင်မောင်ကြည်နှင့် မြို့နယ်အမှုဆောင်များက လက်ခံရယူပြီး မြို့နယ်ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (မြို့နယ်စာပေ/စာနယ်ဇင်း)

## ညအပူချိန်များ(၁၇-၁၁-၂၀၁၁)

မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရခိုင်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်နှင့် ကယားပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့် သာရှိခဲ့သည်။

## အမျိုးသားနေ့တွင် လော်ကားဥယျာဉ်ကို အချိန်တိုးဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ လော်ကားသဘာဝဥယျာဉ်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ပုံမှန်ဖွင့်လှစ်ထားသော်လည်း နိုဝင်ဘာ ၂၀ရက် (အမျိုးသားနေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဗဟန်းအထက(၃) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

အထက(၃)ဗဟန်း [ယခင် Y.M.B.A ၊ အလက(၄)ဗဟန်း] ၌ ၁၉၆၀ ခုနှစ်မှ ၂၀၁၁ ခုနှစ်တွင်း ပညာသင်ကြားပေးခဲ့သည့် အသက် (၆၀)အထက် ဆရာကြီး၊ ဆရာမကြီးများအား စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ရွှေရတုသဘင်ကို နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဈေးရောင်း ပွဲတော်ပါ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါ ရန်နှင့် ဦးဉာဏ်ထွန်း (ကျောင်းအုပ်ဆရာကြီး) ဖုန်း-၅၅၅၂၂၂၊ ဦးမြင့်စိုး ဖုန်း-၀၉-၅၁၀၁၄၇၂၊ ဦးကိုကိုကြီး ဖုန်း-၀၉-၅၀၉ ၃၂၃၉၊ ဦးအောင်ကျော်ထွန်း ဖုန်း-၀၉-၇၃၀၈၁၉၀၂၊ ဦးလှထွေး ဖုန်း-၀၉-၅၁၆ ၂၉၁၉၊ ဦးသိန်းသန်းထွန်း ဖုန်း-၀၉-၇၃၁၁၃၇၁၇၊ ဦးစံကြည် ဖုန်း-၀၉-၄၃၁၃၂၈၉၂၊ ဦးဘိုဘို မျိုးမင်းဦး ဖုန်း-၀၉-၄၃၁ ၃၂၆၅၀၊ ဦးယဉ်ထွေး ဖုန်း-၀၉-၇၃၀၀၉၃၈၆၊ ဆရာမ ဒေါ်ခင်လှမြင့် ဖုန်း-၀၉-၇၃၀ ၄၇၂၇၅၊ ဒေါ်တင်နွယ်နွယ်ဦး ဖုန်း-၀၉-၅၀၄၃၅၇၈၊ ဒေါ်ချိုချိုညွန့်ဖုန်း-၀၉-၇၃၁၀ ၅၁၈၃နှင့် ဒေါ်ယဉ်ယဉ်ကျော် ဖုန်း-၀၉-၇၃၀၅၅၄၃၁ တိုသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ**



နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသည်နှင့်အမျှ တရုတ်နိုင်ငံ ထုတ်ကုန်ပစ္စည်းများ ကမ္ဘာအရပ်ရပ်သို့ တင်ပို့ရောင်းချနိုင်မှု မြင့်မားလာသည်ကို တွေ့ရစဉ်။

## တရုတ်နိုင်ငံ၌ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အောက်တိုဘာလအတွင်း ၈ ဒသမ ၇၅ ရာခိုင်နှုန်း မြင့်တက်

**ပေကျင်း နိုဝင်ဘာ ၁၇**

ယခုနှစ် အောက်တိုဘာလအတွင်း တရုတ်နိုင်ငံ၌ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၃ ဘီလီယံအထိရှိခဲ့ပြီး ယမန်နှစ်ကထက် ၈ ဒသမ ၇၅ ရာခိုင်နှုန်းခန့်မြင့်မားခဲ့သည်ဟု တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနမှ နိုဝင်ဘာ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ရှန်တန်ယန်းကပြောကြားရာတွင် တရုတ်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ယခုနှစ် ဇူလိုင်လတွင် ၁၉ ဒသမ ၈၃ ရာခိုင်နှုန်း၊ ဩဂုတ်လတွင် ၈ ဒသမ ၁ ရာခိုင်နှုန်းနှင့် စက်တင်ဘာလတွင် ၇ ဒသမ ၈၈ ရာခိုင်နှုန်းအထိ လျော့ကျသွားခဲ့ပြီး စက်တင်ဘာလမှစ၍ အကောင်းဘက်သို့ ပြန်လည်ဦးတည်လာခြင်းဖြစ်သည်။

အောက်တိုဘာလအတွင်းရရှိသော ကိန်းဂဏန်းများ အပါအဝင် ယခုနှစ် ပထမ ၁၀ လအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၀၁ ဘီလီယံရှိပြီး ယမန်နှစ်ကထက် ၁၅ ဒသမ ၈၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

တရုတ်နိုင်ငံတွင် ယခုနှစ် ပထမ ၁၀ လအတွင်း နိုင်ငံရပ်ခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ၂၂၃၆၈ ကို အတည်ပြုခဲ့ပြီး ယင်းအရေအတွက်သည် ယမန်နှစ်ကထက် ၅ ဒသမ ၆ ရာခိုင်နှုန်း မြင့်မားခဲ့သည်ဟု ဆိုသည်။ *ဆင်ဟွာ။*

## အစ္စလာမ္မစ်စစ်သွေးကြွများဟု သံသယရှိသူ လူ ၁၃ ဦးအား မလေးရှားရဲအဖွဲ့ဖမ်းဆီး

**ကွာလာလမ်ပူ နိုဝင်ဘာ ၁၇**

ဂျမားအစ္စလာမ်မီးယား စစ်သွေးကြွအဖွဲ့ဝင်များဟု သံသယရှိသူ လူ ၁၃ ဦးကို မလေးရှားကျွန်းဆွယ် အရှေ့ပိုင်း ဆာဘားပြည်နယ်၌ မလေးရှားရဲအဖွဲ့က ဖမ်းဆီးခဲ့ကြောင်း နိုဝင်ဘာ ၁၇ ရက် ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြထားသည်။

ဂျမားအစ္စလာမ်မီးယားစစ်သွေးကြွအဖွဲ့သည် အရှေ့တောင်အာရှဒေသတွင် လှုပ်ရှားနေသည့်အဖွဲ့ဖြစ်ပြီး ၂၀၀၂ ခုနှစ်တွင်ဖြစ်ပွားခဲ့သော အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း ဗုံးပေါက်ကွဲမှုတွင် အဓိကတာဝန်ရှိသော စစ်သွေးကြွအဖွဲ့ဖြစ်သည်။

ဆာဘားပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ ဟမ်ဇာတာအစ်ဘ်က ပြောကြားရာတွင် ၎င်းသံသယရှိသူများအား ယခုအပတ်အစောပိုင်းက လက်ပူးလက်ကြပ်ဖမ်းဆီးမိခဲ့ပြီး မကြာမီ ရုပ်သိမ်းတော့မည့် ပြည်တွင်းလုံခြုံရေး အက်ဥပဒေက သံသယရှိသူများအား တရားစွဲဆိုခြင်းမရှိဘဲ ဖမ်းဆီးထိန်းသိမ်းထားနိုင်ရန် ခွင့်ပြုထားသည်ဟုဆိုသည်။ အဆိုပါပြည်တွင်း လုံခြုံရေးဥပဒေကို လာမည့်မတ်လတွင် ကျင်းပမည့် ပါလီမန်အစည်းအဝေးတွင် တရားဝင်ရုပ်သိမ်းမည်ဟု ဆိုသည်။ *ဆင်ဟွာ။*

## အမေရိကန်-မက္ကဆီကိုနယ်စပ်ဒေသ၌ မူးယစ်ဆေးဝါးသယ်ဆောင်မှုနှိမ်နင်း

**တမ်ပါ နိုဝင်ဘာ ၁၇**

အမေရိကန်နှင့် မက္ကဆီကိုနယ်စပ်ဒေသ၌ နိုင်ငံဖြတ်ကျော် မူးယစ်ဆေးဝါးသယ်ဆောင်နေမှုများကို နှိမ်နင်းနိုင်ရန် အဆိုပါနှစ်နိုင်ငံရှိ တရားဥပဒေစိုးမိုးရေးအာဏာပိုင်များက ကြိုးပမ်းလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၁၆ရက်တွင် သတင်းထုတ်ပြန်သည်။

နယ်စပ်ဒေသ၌ မူးယစ်ဆေးဝါးမှောင်ခို သယ်ဆောင်မှုကို နှိမ်နင်းနိုင်ရန် ကြိုးပမ်းနေသူ မက္ကဆီကို ပြည်ထဲရေးဝန်ကြီး ဖရန်စစ္စကိုဘလိတ်မော်ရာနှင့် တာဝန်ရှိသူခုနစ်ဦးသည် နိုဝင်ဘာ ၁၁ရက်က မက္ကဆီကိုစီးတီး အနောက်တောင်ဘက်၌ ဖြစ်ပွားခဲ့သော ရဟတ်ယာဉ်ပျက်ကျမှုအတွင်း သေဆုံးခဲ့ရသည်။ ယင်းရဟတ်ယာဉ်ပျက်ကျမှု ဖြစ်ရပ်သည် မူးယစ်ဆေးဝါးဂိုဏ်းများ၏ လုပ်ကြံမှုမဟုတ်နိုင်ကြောင်း မက္ကဆီကိုစုံစမ်းစစ်ဆေးရေးမှူးများက ပြောကြားခဲ့ကြသည်။

မော်ရာသည် မက္ကဆီကိုသမ္မတ ဖီးလစ်ကယ်လ်ဒရွန်းနှင့်အတူ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်နေသူဖြစ်သည်။ မက္ကဆီကိုအစိုးရအဖွဲ့သည် မူးယစ်ဆေးဝါးဆိုင်ရာ တရားခံများအား အမေရိကန်နိုင်ငံသို့ လွှဲပြောင်းပေးအပ်နိုင်ရန်လည်း ကြိုးပမ်းခဲ့သည်။

အမေရိကန်-မက္ကဆီကို နယ်စပ်ဒေသတစ်လျှောက်၌ ခြေကုပ်ယူထားသော မူးယစ်ဆေးဝါးဂိုဏ်းများသည် ကာရစ်ဘီယန်ဒေသ၊ မက္ကဆီကိုနှင့် အမေရိကန်နိုင်ငံတို့သို့ မူးယစ်ဆေးဝါးများကို မှောင်ခိုတင်သွင်းနိုင်ရန် လုပ်ကိုင်လျက်ရှိကြသည်။ **ဆင်ဟွာ။**

## အင်ဒိုနီးရှားနိုင်ငံ၌ အင်အားပြင်းငလျင်လှုပ်

**ဂျကာတာ နိုဝင်ဘာ ၁၇**

အင်ဒိုနီးရှားနိုင်ငံအရှေ့ဖျား ပါပူအာဒေသတွင် နိုဝင်ဘာ ၁၆ ရက် နံနက် အစောပိုင်းက ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၂ ရှိသည့် အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့သည်ဟု အင်ဒိုနီးရှား မိုးလေဝသနှင့် ဘူမိရူပဗေဒဌာနမှ သတင်းထုတ်ပြန်သည်။

**ဗဟိုပြုလှုပ်ခတ်**

အဆိုပါ ငလျင်သည် ဂျကာတာစံတော်ချိန် နံနက် ၆ နာရီ ၄၂ မိနစ်တွင် ပါပူအာဒေသ၏ အနောက်တောင်ဘက် ၃၄ ကီလိုမီတာအကွာရှိ မြေအောက်အနက် ၅၇ ကီလိုမီတာကို ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်ပြီး လက်တလောရရှိသော သတင်းများအရ အပျက်အစီးနှင့် လူအသေအပျောက်မရှိပေ။

အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်မီးကွင်းကြီးဟုခေါ်ဆိုသည့် ခုခံနိုင်စွမ်းအားနည်းပါးသည့် မြေငလျင်လှုပ်ခတ်နိုင်သည့်ဇုန်တွင် တည်ရှိသည်။ *ဆင်ဟွာ။*

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဗီယက်နမ်ကုန်စည်ပြပွဲ တက်ရောက် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ပြင်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၇

**ဗီယက်နမ်ကုန်စည်ပြပွဲ (VIETNAM Trade Fair in Myanmar 2011) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Center (MCC) ၌ ကျင်းပရာ အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ Industry and Trade Ministry မှ Vice Minister H. E. Mr. Nguyen Thanh Bien က အဖွင့်အမှာစကား ပြောကြားသည်။**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဗီယက်နမ်နိုင်ငံမှ Vice Minister H. E. Mr. Nguyen Thanh Bien၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung၊ AVIM ဥက္ကဋ္ဌ Mr. Tran Brie Hoi နှင့် Vietnam Trade Promotion Department Director General Mr. Do Fhang Hai တို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါပြပွဲတွင် ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင် ၄၅ ဦးတို့က ပြခန်းပေါင်း ၈၂ ခန်းဖြင့် ဗီယက်နမ်နိုင်ငံ ထုတ်ကုန်များဖြစ်သော လျှပ်စစ်ပစ္စည်း၊ ဆေးဝါး၊ စားသောက်ကုန်၊ ဆက်သွယ်ရေး၊ ကျန်းမာရေးပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် မော်တော်ယာဉ်များ ပြသထားပြီး ပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ လေးရက်ကြာ ပြသသွားမည်ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိပြီး ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ရေးအတွက် လေဆိပ်အတွင်း ဗုဒ္ဓမြတ်စွယ်တော် ယာယီကိန်းဝပ်မည့် စံကျောင်းဆောင်၊ ဆရာတော်/သံဃာတော်များနှင့် ဧည့်သည်တော်များအတွက် ကြိုဆိုရေးအဆောင်ငါးဆောင် ဆောက်လုပ်ပြီးစီးမှုနှင့် ခေတ္တနားနေမည့်နေရာတို့ကိုလည်းကောင်း၊ ဗုဒ္ဓမြတ်စွယ်တော်အား ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ တစ်ပတ်လှည့်လည်ပင့်ဆောင်မှု လေ့ကျင့်ခြင်း၊ လိုဏ်ဂူတော်အတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဖဲကြိုးဖြတ်ဖွင့်လှစ်

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူတို့က ဗီယက်နမ်ကုန်စည်ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(သတင်းစဉ်)




# ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးများကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ပုဂံမြို့ရှိ ပုဂံနန်းမြင့်အဆောက်အအုံတွင် နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို တစ်နှစ်လျှင်(၂)ကြိမ် အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံအမည်အက္ခရာ အစဉ်လိုက်ကျင်းပလျက်ရှိရာ (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးကိုယခုနှစ်၌ မြန်မာနိုင်ငံက အလှည့်ကျ၍ ကျင်းပခြင်းဖြစ်သည်။

ကျင်းပမည့် အစည်းအဝေးများမှာ (၂၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်ပြီး ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများဆိုင်ရာ ပူးတွဲလုပ်ငန်းကော်မတီ အစည်းအဝေး၊ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ၊ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းပြပွဲနှင့် ပုဂံညစျေးပွဲတော်နှင့် မဟာမဲခေါင်ဒေသခွဲ နိုင်ငံများ၏ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး ဖျော်ဖြေပွဲများကျင်းပမည်ဖြစ်ပြီး ယင်းအခမ်းအနားများနှင့်အတူ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ရောင်စဉ်ထွန်းပမြန်မာ့အလှ ဓာတ်ပုံပြိုင်ပွဲ၌ ဆုရရှိခဲ့သော ဓာတ်ပုံများအား ပြသမည့် ဓာတ်ပုံပြပွဲလည်း ပါဝင်မည်ဖြစ်သည်။

ယင်းအခမ်းအနားများကို ပုဂံနန်းမြင့်အဆောက်အအုံနှင့် ဖူးဘုရားဝန်းကျင်နေရာများတွင် ကျင်းပမည်ဖြစ်ပြီး မဟာမဲခေါင်ဒေသခွဲဝင် နိုင်ငံများ၏ ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် အရာရှိကြီးများ၊ မဲခေါင်ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံး၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ပစိဖိတ်အာရှခရီးသွားလုပ်ငန်းအဖွဲ့စသော ဒေသတွင်းခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းဆောင်းပါးရှင်များ၊ စာတမ်းရှင်များနှင့် အခြားဖိတ်ကြားထားသော ပြည်ပဧည့်သည် ၇၀ ကျော်နှင့် ပြည်တွင်းခရီးသွားလုပ်ငန်း အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၈-၁၁-၂၀၁၁ (သောကြာနေ့)**

**[၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်(ဥပုသ်နေ့)]**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၀ ၈။ "ကင်ဆာရောဂါဆိုင်ရာ လေ့လာတွေ့ရှိချက်များ"
၈း၃၀ ၉။ တေးဂီတအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ "စည်းကမ်းလိုက်နာ ဘေးကင်းမှာ"
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အကပြိုင်ပွဲ
၄း၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၄၀ ၅။ နှောင်းခေတ်တေးပဒေသာ
၄း၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ရသစာပေ အရေးအသားအထူးပြု) (ရသစာပေအရေးအသား)
၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၈။ မြန်မာစာ၊ မြန်မာစကား
၅း၃၅ ၉။ "ပဥ္စမအကြိမ် အာဆီယံ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ" (အမျိုးသားအဆင့်)
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ) (အပိုင်း-၇)**
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ လျှပ်တစ်ပြက်ဟာသများ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်"(ဒုတိယတွဲ) (အပိုင်း-၁၉)**
၁၉။ သီချင်းချစ်သူ (စိုးစန္ဒာထွန်း)
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၁။ အစီအစဉ်ပြီး၏။

## သိ မှတ် ဖွယ် ရာ မိုး လေ ဝ သ

# ၂၀၁၁-၂၀၁၂ ခုနှစ်တွင် လာနီညာဖြစ်စဉ် တစ်ခုဖြစ်လာနိုင်၊ ယခင်နှစ်များထက် မလျော့ပါးသည့် အအေးဒဏ်ကို ရင်ဆိုင်ရဖွယ်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် မုတ်သုံရာသီသည် မြန်မာနိုင်ငံအတွင်းမှ အပြီးတိုင်ဆုတ်ခွာသွားခဲ့ပြီး ဆောင်းဦးရာသီအစ နိုဝင်ဘာလဆန်းပိုင်းရက်များမှစတင်ကာ သိသိသာသာ အေးလာသည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် လာနီညာဖြစ်စဉ်၏ အကျိုးသက်ရောက်မှုမှာ ၂၀၁၂ ခုနှစ် မတ်လအထိ ဖြစ်နိုင်သည်ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ကြိုတင်သုံးသပ်ခန့်မှန်းထားသည်။

မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက် အီကွေတာ ပစိဖိတ်သမုဒ္ဒရာဒေသ၌ ပင်လယ်ရေမျက်နှာပြင်အပူချိန်များ ပုံမှန်ထက် လျော့နည်းလာသည့် အခြေအနေကို လာနီညာရာသီဥတုဖြစ်စဉ်ဟု ခေါ်ဆိုကာ အကျိုးသက်ရောက်မှု အတိုင်းအတာအနေဖြင့် ကမ္ဘာနှင့်အဝန်းရှိ ဒေသအားလုံးတွင် ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။ နိုင်ငံတကာ ရာသီဥတုဌာနများကလည်း ၂၀၁၁ ခုနှစ် လက်ကျန်ကာလမှသည် ၂၀၁၂ ခုနှစ် မေလအထိ အားအနည်းငယ်မှ အသင့်အတင့်ရှိသည့် လာနီညာရာသီဥတု ဖြစ်စဉ်တစ်ခု ပေါ်ပေါက်လာနိုင်သည်ဟု တညီတညွတ်တည်း ခန့်မှန်းထားကြသည်။

၂၀၁၀ ခုနှစ် ဒီဇင်ဘာလက အားအသင့်အတင့်ရှိသည့် လာနီညာဆောင်းတွင်းဖြစ်ခဲ့ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပင်လောင်းနှင့် ဟဲဟိုးမြို့များတွင် စံချိန်တင် အအေးပိုခဲ့ကာ ပင်လောင်းမြို့၏ ညအပူချိန် -၄ ဒသမ ၅ ဒီဂရီစင်တီဂရိတ် ရှိခဲ့၍ ၄၄ နှစ်တာ ကာလအတွင်း အအေးဆုံးနှစ်ဖြစ်ခဲ့ကြောင်း၊ ယခုနှစ် ဇန်နဝါရီလက ကချင်ပြည်နယ်မြောက်ပိုင်း၌ ထူထပ်သည့် ဆီးနှင်းကျရောက်မှုနှင့် စံချိန်တင် မိုးရွာသွန်းမှုများရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် မတ်လကဲ့သို့ ကာလမျိုးမှာပင် ရန်ကုန်မြို့၌ အအေးလွန်နေခဲ့ပြီး မုန်တိုင်းရာသီဖြစ်သည့် ဧပြီနှင့် မေလများတွင် မုန်တိုင်းကြီးများ မဖြစ်ပေါ်ခဲ့ချေ။ ယခုနှစ် စက်တင်ဘာလကတည်းက မြန်မာနိုင်ငံရှိ မြို့အများစုတွင် မိုးရေချိန်သည် နှစ်စဉ် ပုံမှန်ရွာသွန်းသည့် ပမာဏကို ကျော်လွန်နေခဲ့ပြီး စက်တင်ဘာလလယ်ပိုင်းတွင်မှ လာနီညာတစ်ကျော့ ပြန်ဖြစ်လာမည့် အခြေအနေများကို ပြန်တွေ့လာရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လာနီညာဖြစ်စဉ်သက်ရောက်မှုကို အများဆုံးခံစားခဲ့ရသည့် ကာလမှာ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်မှ ၂၇ ရက်အတွင်းဖြစ်ခဲ့ပြီး တစ်ပြည်လုံးတွင် ညအပူချိန်ကျဆင်းမှုနှုန်းသည် နေ့စဉ် စံချိန်တင်ခဲ့သည်။ မွန်ပြည်နယ် ရေးမြို့နယ်တွင် ကိန်းဂဏန်းတစ်လုံးတည်း ညအပူချိန် (Single Digit Night Temperature) ဖြစ်သည့် ၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ သက်ရောက်မှုရှိခဲ့သည်။

"လာနီညာဖြစ်ဖြစ်၊ အယ်နီညိုဖြစ်ဖြစ် ပုံမှန်ဖြစ်ပေါ်တဲ့ မြန်မာ့ရာသီဥတုကို အနည်းနဲ့အများတော့ သက်ရောက်မှု ရှိပါတယ်။ အားအသင့်အတင့်ရှိတဲ့ လာနီညာရှိလာရင် မြန်မာ့ဆောင်းရာသီ အအေးပိုတတ်ပါတယ်။ အချိန်အခါမဟုတ်ဆောင်းမိုးတွေ ပျံ့ပျံ့နှံ့နှံ့ရွာတတ်တယ်။ ဆောင်းမိုးက အစိုဓာတ်ရတာ မှန်ပေမယ့် လိုတာထက်ပိုရွာရင် စိုက်ပျိုးရေးလုပ်ငန်းကို အနှောင့်အယှက်ပေးမှာဆိုတော့ စိုက်ပျိုးရေးဌာနက ထုတ်ပြန်တဲ့သတိပေးနှိုးဆော်ချက်တွေ၊ မိုးလေဝသ ခန့်မှန်းချက်သတင်းတွေ ဂရုပြုနားထောင်သင့်ပါတယ်။ ဒါ့အပြင် ဆောင်းရာသီ အားကောင်းလို့ဖြစ်တဲ့ မိုးလေဝသ အခြေအနေတွေ၊ ပင်လယ်ပြင်မှာ အရှေ့လေပြင်းတွေတိုက်ခတ်လို့ လှိုင်းကြီးတတ်တဲ့ အခြေအနေတွေဖြစ်ပေါ်တတ်လို့ ပင်လယ်ပြင်ခရီး မိုးလေဝသသတင်းတွေကိုလည်း ဂရုထားလေ့လာသင့်တယ်။ ပြီးတော့ ဒေသအလိုက်ဆောင်းရာသီ မနက်ခင်းတွေမှာ ဖြစ်ပေါ်တတ်တဲ့ မြူထူကျရောက်မှုတွေက လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်၊ ရထားသွားလာမှုတွေမှာ **အဝေးမြင်ကွင်းလျော့နည်းမှု ပြဿနာ**ရှိတတ်တာကြောင့် အထူးဂရုပြုဆောင်ရွက်သွားကြဖို့ တိုက်တွန်းအကြံ ပေးချင်ပါတယ်"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ၂၀၁၁ -၂၀၁၂ ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် လာနီညာရာသီဥတုဖြစ်စဉ် သက်ရောက်မှုအတွက် တင်ကြိုဆွေးနွေးပြောကြားခဲ့သည်။

**အောင်နိုင်(သတင်းစဉ်)**

## အန္တရာယ်ကြီးမား မူးယစ်ဆေးဝါး

- ✻ ကမ္ဘာတစ်ဝန်း ဘိန်း၊ ဘိန်းဖြူ ဘိန်းဆီ၊ ဆေးခြောက်စသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများ များပြားလာနေသည်။
- ✻ ဓာတုဗေဒပစ္စည်းများကို အခြေခံထုတ်လုပ်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြားများကိုလည်း ကမ္ဘာအနှံ့ပျံ့နှံ့သုံးစွဲသူ များပြားနေသည်။
- ✻ အထူးသဖြင့် လူငယ်ထုအတွင်း မူးယစ်ဆေးဝါးများ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ရောက်ရှိသုံးစွဲနေကြရာ အန္တရာယ်ကြီးမားလှသည်။
- ✻ မူးယစ်ဆေးဝါးသည် တိုက်ရိုက်သုံးစွဲသူ၊ ထုတ်လုပ်ရောင်းဝယ်သူအားလုံးနှင့် ဆက်စပ်လျက်ရှိရာ စီးပွားရေး၊ လူမှုရေးများ ထိခိုက်စေသည်။
- ✻ မူးယစ်ဆေးဝါးသည် သုံးစွဲသူ၏ လူနေမှုဘဝကို ညစ်နွမ်းစေသည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများ ထိခိုက်ပျက်စီးဆုံးရှုံးစေသည်။

**ပြည်သူများအားပညာပေးလှုံ့ဆော်ရေးအဖွဲ့**
**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့်ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**

# ဆက်သွယ်ရေးနည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမှ အရည်အသွေးပြည့်မီသော သင်တန်းသားများ မွေးထုတ်ပေးနိုင်ခဲ့

ရန်ကုန် နိုဝင်ဘာ ၁၇

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ဆက်သွယ်ရေးနည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ICTTI စီမံကိန်းမှ အရည်အသွေးပြည့်မီသော သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၀၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။**

၂၀၀၆ ခုနှစ် ဒီဇင်ဘာလမှ စတင်အကောင်အထည်ဖော်ခဲ့သော အဆိုပါစီမံကိန်း၏ ငါးနှစ်တာကာလအတွင်းတွင် ဂျပန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များက သင်တန်းဌာနရှိ ဆရာ၊ ဆရာမများအား အဆင့်မြင့်နည်းပညာများ တိုက်ရိုက်သင်ကြားပို့ချပေးခဲ့ပြီး ဆရာ၊ ဆရာမများက သင်တန်းသူ၊ သင်တန်းသားများအား သက်ဆိုင်ရာ သင်ခန်းစာများ ပြန်လည်ပို့ချပေးခဲ့သည်။ ဂျပန်ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ အရည်အချင်းတိုးတက်မှုများအား စဉ်ဆက်မပြတ်လေ့လာအကဲဖြတ်ခြင်းကို စနစ်တကျ ဆောင်ရွက်ခဲ့သည်။

သင်ကြားရေး ဆရာ၊ ဆရာမများသည် ဂျပန်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ သွားရောက်လေ့လာခဲ့ကြပြီး လုပ်ငန်းစီမံခန့်ခွဲမှုနှင့် နည်းပညာပိုင်းဆိုင်ရာ အရည်အသွေးများ ပိုမိုကောင်းမွန်လာခြင်း၊ ကုမ္ပဏီများနှင့် နည်းပညာအခြေခံသည့် ပညာရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများကို ပိုမိုသိမြင်လာခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ e-Government ဖြစ်ပေါ်လာစေရန် လိုအပ်သောနည်းပညာများအား အထောက်အကူပြုစေခဲ့သည်ဟု သိရသည်။

ထိုစီမံကိန်းမှ Software နှင့် Network ဘာသာရပ်များတွင် ကာလရှည်၊ ကာလတိုနှင့် အဆင့်မြင့်သင်တန်းများဟူ၍ ခွဲခြားဖွင့်လှစ်ခဲ့ပြီး ဂျပန်နိုင်ငံမှ လာရောက်စစ်ဆေးအကဲဖြတ်ချက်များအရ စီမံကိန်း၏မူလလုပ်ငန်းရည်ရွယ်ချက်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရသည်။ သင်တန်းဆင်းများအနေဖြင့် မြန်မာနိုင်ငံ၏ e-Government ဖြစ်ပေါ်လာစေရေးတွင် အဓိကဖြစ်သော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍတွင် ပါဝင်ဦးဆောင်နိုင်မည်ဖြစ်ကြောင်းနှင့် မြန်မာ-ဂျပန် နှစ်နိုင်ငံကြား နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာလာမည်ဟု အခိုင်အမာယုံကြည်ကြောင်း JICA က ဆိုထားသည်။ စီမံကိန်းအောင်မြင်စွာပြီးမြောက်ခဲ့သည့်အတွက် အဆိုပါစီမံကိန်းနှင့် ဆက်စပ်ပစ္စည်းများအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသို့ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ရန်ကုန်မြို့၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၀၀၁)

# ရှမ်းပြည်နယ်ထွက် အာလူး၊ ဂေါ်ဖီထုပ်၊ ဂေါ်ရခါးသီး၊ ခါကြက်ဥများ တောင်တွင်းကြီး၌ အရောင်းသွက်

**တောင်တွင်းကြီး နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်မှထွက်ရှိသည့် အာလူး၊ ဂေါ်ဖီထုပ်၊ ဂေါ်ရခါးသီးနှင့် ခါကြက်ဥများကို တောင်တွင်းကြီးမြို့ မြို့မဈေးအတွင်းမှ ပွဲကျဈေးသည်များ၊ ပွဲရုံများ၌ လက်လီလက်ကားရောင်းဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

အာလူး တစ်ပိဿာလျှင် လက်လီ ငွေကျပ် ၇၀၀ နှုန်း၊ လက်ကား ကျပ် ၆၀၀ နှုန်း၊ ဂေါ်ဖီထုပ် တစ်ထုပ်လျှင် လက်လီဈေး ကျပ် ၅၀၀ နှုန်း၊ လက်ကား ကျပ် ၄၀၀ နှုန်း၊ ခါကြက်ဥ တစ်ပိဿာလျှင် လက်လီ ကျပ် ၈၀၀ နှုန်း၊ လက်ကား ကျပ် ၇၀၀ နှုန်း ရောင်းချရကြောင်း ပွဲရုံပိုင်ရှင်တစ်ဦး၏ ပြောပြချက်အရသိရသည်။

ထိုသို့ အရောင်းသွက်ခြင်းမှာ မိုးစပါးများ ရိတ်သိမ်း ခြွေလှေ့ချိန်၊ ဆောင်းသီးနှံများဖြစ်သည့် မတ်ပဲ၊ ကုလားပဲများ ထွန်ယက်စိုက်ပျိုးချိန်ဖြစ်သဖြင့် နိုဝင်ဘာ ပထမ ပတ်မှစ၍ ကျေးလက်ဒေသမှ ပြည်သူများ လယ်ယာလုပ်ငန်းဝင်ချိန်ဖြစ်ပြီး တစ်ပတ်စာ ကြိုတင်၍ အပြိုင်ဝယ်ယူခြင်းကြောင့် အာလူး၊ ဂေါ်ဖီထုပ်၊ ဂေါ်ရခါးသီး၊ ခါကြက်ဥများ ဈေးကောင်းရပြီး အရောင်းသွက်လျက်ရှိကြောင်း ပွဲကျ ဈေးသည်တစ်ဦး၏ ပြောပြချက်အရ သိရသည်။ (၅၈၀)



# စစ်ကျန်သံချပ်ကာကားငယ်လေးအား မိတ္ထီလာမြို့တွင် စိတ်ဝင်တစား ကြည့်ရှုလေ့လာ

**မိတ္ထီလာ နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် နဂါးရုံမဟာဗောဓိစေတီပရဝုဏ်ရှိ ရေလယ်ကျောင်းတိုက်မုခ်ဦးအနီးတွင် ဒုတိယကမ္ဘာစစ်အတွင်းက သံချပ်ကာကားဟောင်းလေးကို ဂျပန်ဘာသာဖြင့် ကျောက်စာမှတ်တမ်းရေးထိုးပြသထားရာ ဒေသခံများ၊ နိုင်ငံခြားခရီးသွားဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးဧည့်သည်များက စိတ်ဝင်တစားကြည့်ရှုလေ့လာလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

'လွန်ခဲ့တဲ့နှစ်ငါးဆယ်ကျော်က ညောင်ပင်လျှိုကျေးရွာဘက်မှာရှိနေတဲ့ သံချပ်ကာကားဟောင်းလေးကို ခရိုင်တရားရုံးဘက်ကို သယ်ဆောင်လာတာ။ အဲဒီတုန်းက သံချပ်ကားမှာ ဘီးချိန်းတွေပါတယ်။ နဂါးရုံစေတီတော်ထီးတင်ပွဲမှာ ထီးတော်တင်ရထားဆွဲဖို့ နဂါးရုံကျောင်းတိုက်ဆရာတော်က ငှားရမ်းအသုံးပြုခဲ့တာပါ။ နောက်တော့ စေတီအတွက် လိုရာအသုံးပြုနိုင်ဖို့ အပြီးပိုင်လှူဒါန်းခဲ့တယ်။ အဲဒီနောက်ပိုင်း ထိန်းသိမ်းစောင့်ရှောက်မှုပိုင်း အားနည်းတော့ သံချပ်ကားဟောင်းလေးက ဒီနေ့မြင်ရတဲ့ပုံစံအတိုင်းပဲ ကျန်တော့တယ်။ ဂျပန်လူမျိုးပညာရှင်တွေက ဂျပန်နိုင်ငံလုပ် ရှေးဟောင်းသံချပ်ကားဖြစ်တဲ့အကြောင်း ကျောက်စာမှတ်တမ်းရေးထိုးပေးထားတာ။ဒေသခံတွေ၊ နိုင်ငံခြားခရီးသွား ဧည့်သည်တွေ၊ ပြည်တွင်းဘုရားဖူးဧည့်သည်တွေက စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပါတယ်' ဟု နဂါးရုံမဟာဗောဓိစေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ (၅၇၉)

# (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၁၆)ကြိမ်မြောက် သစ်သီးဝလံပန်းမန်ပြပွဲ ပြိုင်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြပွဲပြိုင်ပွဲဝင်း၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစား ၁၉ မျိုး ပါဝင်မည်ဖြစ်ကာ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲအမျိုးအစားများမှာ ပန်းအလှပြင်ဆင်ရေး၊ သစ်သီးအလှပုံဖော်၊ ပန်းအလှပင်၊ အရွက်လှ (Indoor)၊ ရွက်လှ (Croton)၊ အသီး၊ ပြည်တွင်းသစ်ခွ၊ ပြည်ပသစ်ခွ(ဗင်ဒါ)၊ ပြည်ပသစ်ခွ (ကတ်တလီယာ)၊ ပြည်ပသစ်ခွ (ဒမ်ဒရိုဘီယမ်)၊ နှင်းဆီပင်အမျိုးမျိုး၊ ရှားစောင်းပင်၊ ရာသီပန်းပင်၊ သက်ကြီးပုပင် (ဘွန်ဆိုင်း)၊ ဟင်းသီးဟင်းရွက်၊ အသီးပါအပင် (ရာသီ)၊ အသီးပါအပင် (နှစ်ရှည်)၊ သဇင်ပန်းပင်နှင့် ပိန်းပန်းပင်ပြိုင်ပွဲတို့ဖြစ်ကြောင်း ပြပွဲပြိုင်ပွဲ ကျင်းပရေးကော်မတီမှ တာဝန်ရှိသူက ရှင်းပြသည်။

(နွဲ့နွဲ့ကြည်-သတင်းစဉ်)

# ဘိုကလေးမြို့၌ ဆန်စပါးအထူးပြုကုမ္ပဏီဖွဲ့စည်း၍ နည်းပညာဖွံ့ဖြိုးရေးသင်တန်းကျောင်း ဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့တွင် ဆန်စပါးအထူးပြုကုမ္ပဏီ ဖွဲ့စည်းသွားမည်ဖြစ်ပြီး တောင်သူလယ်သမားကြီးများဘဝ တိုးတက် မြင့်မားရေးအတွက် စိတ်ဓာတ်နှင့် နည်းပညာဖွံ့ဖြိုးရေး သင်တန်းကျောင်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘိုကလေးမြို့ရှိ ဆန်စက်ပိုင်ရှင်များနှင့် ရွှေဇာခြည်ကုမ္ပဏီတို့ပူးပေါင်းကာ ဆန်စပါး အထူးပြုကုမ္ပဏီဖွဲ့စည်းရေးအတွက် သက်ဆိုင်ရာအဆင့်ဆင့်သို့တင်ပြဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အထူးပြုကုမ္ပဏီ ဖွဲ့စည်းခြင်းအပြင် ဘိုကလေးမြို့ ဧရိယာပတ်ဝန်းကျင်တွင်ရှိသော တောင်သူလယ်သမားများ ဘဝမြင့်မားတိုးတက်လာစေရေးအတွက် နည်းပညာ ဖွံ့ဖြိုးရေးသင်တန်းများကို လာမည့် ၂၀၁၂ ခုနှစ်မှစတင်ကာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ သိပ္ပံနည်းကျ စိုက်ပျိုးဖြစ်ထွန်းရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ သိရှိတွင်ကျယ်စွာအသုံးပြုရေး၊ ခေတ်မီစက်ကိရိယာများ အသုံးပြုလာနိုင်စေရေး၊ နည်းပညာဖွံ့ဖြိုးရေးအတွက် ကူညီပံ့ပိုးမှုများ ဆောင်ရွက်သွားမည်ဟု သိရပြီး မျိုးကောင်းမျိုးသန့်စပါးများ ဖြန့်ဖြူးပေးခြင်းနှင့် သွင်းအားစုဖြန့်ဖြူးရေးလုပ်ငန်းများကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်သူလယ်သမားတို့၏ ဘဝမြင့်မားတိုးတက်ရေးအတွက် အထူးပြုကုမ္ပဏီများက တောင်သူများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိရာ အမှန်တကယ်ထိရောက်သော ဆောင်ရွက်မှုများဖြစ်ရန်နှင့် နည်းပညာဖြန့်ဖြူးမှု၊ မျိုးကောင်းစပါး၊ သွင်းအားစုနှင့် ခေတ်မီကိရိယာများ အသုံးပြုနိုင်ရေး၊ ခေတ်မီစက်များဖြင့် ကြိတ်ခွဲထုတ်လုပ်နိုင်ရေး ပံ့ပိုးပေးရန်လိုအပ်သည်ဟု သုတေသီများက သုံးသပ်ကြသည်။

(ဆုနှင်းလဲ့)

# မိုးကိုရှောင်သည့် ရန်ကုန်ဇာတ်အဖွဲ့များ ရန်ကုန်ခွင်သို့ ပြန်ဝင်တော့မည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်မြို့ရှိ ဇာတ်အဖွဲ့ကြီးများသည် မိုးရာသီတွင် ရန်ကုန်မိုးကိုရှောင်သည့်အနေဖြင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများသို့ သွားရောက်ကပြလေ့ရှိသည်။ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတို့တွင် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများရှိ မြို့များ၌ လှည့်လည်ကပြကြပြီးဇာတ်အချို့မှာ ပြည်ပနိုင်ငံများသို့ သွားရောက်ကပြခဲ့ကြသည်။

ယင်းဇာတ်များအနက် မိုးမင်း မဟာ ရန်ကုန်စံပြသဘင်မှာ ရန်ကုန်ခွင်သို့ ဦးစွာဝင်လာပြီး နိုဝင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက္ကံမြို့သစ်၌ ကပြမည်ဖြစ်သည်။ ကျန်ဇာတ်အဖွဲ့များ ရန်ကုန်ခွင်သို့ မကြာမီ ပြန်လည်ဝင်ရောက်လာကြမည်ဖြစ်ကြောင်း သိရသည်။ (ညွှန့်သန်း)

## ပြည်တွင်းပြည်ပ အနုပညာရပ်ဝန်း

ပြည်တွင်းပြည်ပ အနုပညာရပ်ဝန်း

ပြည်တွင်းပြည်ပ အနုပညာရပ်ဝန်း

# ရွှေ့ဆောင်ရုံ၌ နိုင်ငံခြားဇာတ်ကားသစ်ရုံတင် မြန်မာရုပ်ရှင်ဇာတ်ကားများ ဆက်လက်ပြသ

ရန်ကုန် နိုဝင်ဘာ ၁၇

**ယနေ့ (သောကြာနေ့)တွင် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားသစ်မျှော်လင့်နေကြသည့် ပရိသတ်များအတွက် နိုင်ငံခြားဇာတ်ကားသစ် IMMORTALS ကို မြို့လယ်ရှိ ရွှေ့ဆောင်ရုံ၌ ရုံတင်ပြသမည်ဖြစ်သည်။**

ဇာတ်လမ်းမှာ တိုင်တန်များနှင့် နတ်ဘုရားများ တိုက်ပွဲဖြစ်ပွားရာမှ အနိုင်ရသူနတ်ဘုရားများထဲမှ ဟိုက်ပါရီယွန်က လူသားတို့အား စစ်ကြေညာကာ ဒဏ္ဍာရီလာ အက်ပိုင်းရပ်(စ်)ခေါ်လေးကိုရှာဖွေရန်ဂရိသို့ ချီတက်ခဲ့သည်။ ထိုလေးကို ကောင်းကင်ဘုံမှ စစ်နတ်ဘုရားက ဖန်ဆင်းထားခြင်းဖြစ်ရာ ထိုလေးရရှိပါက လူသားများပျက်သုဉ်းပြီး နတ်ဘုရားများပါ ချေမှုန်းခံရမည်၍ နတ်မင်းကြီးဇုးက သီဆီးယပ်စ်ဆိုသူ ကျေးတောသား လူငယ်တစ်ဦးကို လျှို့ဝှက်စွာရွေးချယ်ပြီး လူသားများနှင့် နတ်ဘုရားများကို ကယ်တင်ရန် စီစဉ်ပုံကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် အချစ်နှင့်စွန့်စားမှုအသားပေးဇာတ်လမ်း 3D ဇာတ်ကားဖြစ်သည်။

နေပြည်တော်ရုံတွင်မူ ပြသဆဲနိုင်ငံခြားဇာတ်ကားဖြစ်သည့် ပြင်သစ်နိုင်ငံ လူဝီ ၁၃ လက်ထက် သူရဲကောင်းသုံးဦး ဇာတ်လမ်း THE THREE MUSKETEERS 2011 (3D) ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

မြန်မာရုပ်ရှင်ချစ် ပရိသတ်အတွက်မူ ယခုသောကြာပတ် မြန်မာရုပ်ရှင်ကားသစ် ရုံတင်နိုင်ခြင်းမရှိဘဲ ပြသဆဲဇာတ်ကားဖြစ်သည့် **အားလုံးကဟော့မှကြိုက်တယ်** ဇာတ်ကားသစ်သာ သမ္မတ၊ သွင်၊ မင်္ဂလာ၊ မော်တင်ဂျန်းရှင်းနှင့် TOP ROYAL ရုံများ၌ ဆက်လက်ပြသမည်ဖြစ်သည်။



**ရွှေ့ဆောင်ရုံ၌ ပြသမည့် IMMORTALS ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။**

# ဂျနီဖာလိုပက်ဇ်၏ စတုတ္ထမြောက် ရင်ခုန်သံ ဘယ်ရင်ခွင်မှာ ခိုနားမလဲ

တတိယမြောက်တရားဝင်ခင်ပွန်း အဆိုတော် မက်အန်ထော်နီနှင့် လမ်းခွဲအပြီး လပိုင်းအတွင်းမှာပင် American Idol သီချင်းဆိုပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်လူကြီးအဖြစ် ပါဝင်တင်ဆက်နေသူ ဂျနီဖာလိုပက်ဇ်သည် လော့စ်အိန်ဂျလိစ်မြို့မှ အကသမား ကတ်စ်ပါစမတ်နှင့် ချစ်ဇာတ်လမ်းသစ်တစ်ပုဒ် ဖန်တီးနေပြီဟူသော သတင်းများ ထွက်ပေါ်လာခဲ့သည်။

"ဟုတ်ပါတယ်။ သူတို့နှစ်ယောက် ချစ်နေကြပါပြီ။ ပျော်ရွှင်စရာကောင်းတဲ့ အချိန်တွေကို ပိုင်ဆိုင်နေကြသလို ဒီရက်သတ္တပတ်အတွင်း သူတို့နှစ်ယောက်ပိုပြီး ရင်းနှီးပွင့်လင်းလာပါတယ်"ဟု သတင်းအရင်းအမြစ်တစ်ခုက ပီးပဲလ်မဂ္ဂဇင်းဝက်ဘ်ဆိုက်သို့ ပြောကြားသည်။

လော့စ်အိန်ဂျလိစ်မြို့မှ ညကပွဲများတွင် ကပြဖျော်ဖြေတင်ဆက်နေသူ ကတ်စ်ပါစမတ်ကလည်း သူနှင့် ဂျနီဖာလိုပက်ဇ် သောကြာနေ့ညက အတူတူအလုပ်လုပ်နေခဲ့ကြောင်း ၎င်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

ဂျနီဖာလိုပက်ဇ်သည် မကြာသေးမီရက်များအတွင်းကလည်း မင်းသားဘရက်ဒ်လီကူးပါးနှင့် ချစ်ကြိုးသွယ်နေပြီဟူသော သတင်းများထွက်ပေါ်ခဲ့သေးသည်။ အခြားသတင်းအရင်းအမြစ်တစ်ခုကလည်း ကတ်စ်ပါစမတ်နှင့် ဇာတ်လမ်းမှာ ကောလာဟလသာဖြစ်ကြောင်း ဆိုနေပြန်သည်။

မည်သို့ဆိုစေ အသက် (၄၂)နှစ်ရှိ ဂျနီဖာလိုပက်ဇ်သည် ၂၀၀၁ ခုနှစ်က ကတ်စ်ပါစမတ်ကဲ့သို့ အကသမားတစ်ယောက်ဖြစ်သည့် ခရစ်ဂျက်နှင့် တစ်နှစ်ကြာ လက်ထပ်ပေါင်းသင်းခဲ့သည်မှာ ကောလာဟလ မဟုတ်ပါ။

ယခုတစ်ဖန် ဂျနီဖာလိုပက်ဇ်၏ စတုတ္ထမြောက်ရင်ခုန်သံ ဘယ်ရင်ခွင်မှာ အဆုံးသတ်ခိုနားမလဲဆိုသည်ကို စိတ်ဝင်စားဖွယ် စောင့်ကြည့်ရဦးမည် ဖြစ်သည်။ ***အင်တာနက်။***



**ကတ်စ်ပါစမတ်နှင့် ကမ္ဘာကျော် သရုပ်ဆောင်၊ အဆိုတော် ဂျနီဖာလိုပက်ဇ်။**

*ဒေ ဝ မ်း စိုး*



ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

**※ ဗုဒ္ဓမြတ်စွယ်တော်မှ**

မိခင်ကြီး ဒေါ်လှအားအမှူးထား၍ ဦးသိန်းဆွေ-ဒေါ်ခင်မာဦး မိသားစုက ငွေကျပ် လေးသိန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့မှ ဘုရားဖူးအဖွဲ့က ငွေကျပ် ၂၈၅၀၀၀၊ ဗီယက်နမ်နိုင်ငံမှ ဘုရားဖူးအဖွဲ့က အမေရိကန်ဒေါ်လာ ၂၅၀၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဆွမ်းဆက်ကပ်လှူဒါန်းရေးအဖွဲ့က ငွေကျပ်၂၃၀၅၀၀၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ ဇနီး ဒေါ်လှဲ့လှဲ့ကြည် မိသားစုက ငွေကျပ် နှစ်သိန်း၊ ဦးကျော်မြင့်-ဒေါ်ခင်နွယ်နွယ် မိသားစု၊ နှစ်ဖက်မိဘများအား ရည်စူး၍ ဗိုလ်မှူးကြီးအောင်ငြိမ်း (အငြိမ်းစား)-ဒေါ်စန်းစန်းလွင်မိသားစု၊ နှစ်ဖက်မိဘများအားအမှူးထား၍ မောင်မြတ်မင်း-မဖူးပွင့်သွယ် မိသားစုနှင့် မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဦးကျော်ကျော်-ဒေါ်ခင်ခင်ဌေး မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစံသောင်း-ဒေါ်သီတာလွင် မိသားစုက ငွေကျပ် သုံးသိန်း၊ ဒုတိယဗိုလ်မှူးကြီး ဇော်မင်းထွန်း-ဒေါ်သင်းသင်းအောင် ခလရ(၁၂၂) မိသားစုနှင့် လွဲကြီးကျေးရွာမိသားစုတို့က ငွေကျပ် ၂၃၀၀၀၀၊ သမီး (အိရွှေစင်)အား ရည်စူး၍ ဥတ္တရသီရိမြို့နယ်နေ ဦးကျော်မြင့်-ဒေါ်ခင်နွယ်နွယ်မိသားစုက စုစုပေါင်း ခန့်မှန်းငွေကျပ် ၇၂၂၀၀၀ တန်ဖိုးရှိ ရွှေလက်ကောက်တစ်ကွင်းနှင့် ရွှေနားကပ်နှစ်ရန်၊ နေပြည်တော် ရွှေလဝိုင်းကုမ္ပဏီမှ ဦးမျိုးဝင်း-ဒေါ်နုနု သားသမီးမြေးမြစ်တစ်စုက ခန့်မှန်းငွေကျပ် ၄၀၂၀၀၀ တန်ဖိုးရှိ ရွှေလက်စွပ်တစ်ကွင်း၊ (ဦးစိုးလွင်)အား ရည်စူး၍ ဇေယျာသီရိမြို့နယ် ပြည်စံအောင်ကျေးရွာမှ ဒေါ်မြင့်မြင့်မိသားစုက စုစုပေါင်း ခန့်မှန်းငွေကျပ် ၂၃၃၅၀၀ တန်ဖိုးရှိ ရွှေလက်စွပ် နှစ်ကွင်း၊ ပုလဲနှစ်ပွင့်နှင့် ရောင်စုံကျောက် (၁၁) ပွင့်၊ ခရေအိမ်ရာတိုက်(၁၄၇)နေ ဒေါက်တာကျော်စိုး-ဒေါ်ဆန်းဆန်း မိသားစုက စုစုပေါင်းခန့်မှန်းငွေကျပ် ၂၀၈၀၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုးတစ်ကုံးနှင့် ကျောက်စိမ်း လုံးချော ၄ ပွင့် အပါအဝင် စုစုပေါင်းငွေကျပ် တစ်သိန်းနှင့် တစ်သိန်းအထက် အလှူရှင် ၆၆ ဦးနှင့် ရွှေငွေလက်ဝတ် ရတနာမျိုးစုံ အလှူရှင် ၆၆ ဦးတို့က လာရောက်လှူဒါန်းကြရာ ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

နိုဝင်ဘာ ၁၆ ရက် ညနေပိုင်းနှင့် ညပိုင်းတို့တွင်လည်း ဦးဌေးဦး-ဒေါ်နီနီဝင်း မိသားစုနှင့် ဦးရဲထွန်းဝင်း-ဒေါ်နီလာလင်း မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ငွေကျပ် ၃၃၅၆၀၀၊ တောင်ကြီးမြို့နေ ဦးရွှေ-ဒေါ်မြ မိသားစုက ငွေကျပ် နှစ်သိန်း၊ ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိစာသင်တိုက် သီရိဇေယျာ သီလရှင်စာသင်တိုက်မှ ဘုရားဖူးအဖွဲ့က ငွေကျပ် ၁၀၅၅၀၀ နှင့် ဗိုလ်ချုပ်စောလှ (အငြိမ်းစား)နှင့်ဇနီး ဒေါ်ချိုချိုမော် မိသားစုတို့က ငွေကျပ် ၁၀၈၀၀၀၊ ဦးသန်းဖေ-ဒေါ်မြရီ၊ ဦးမင်းကြည်-ဒေါ်ရင်ကြည် တို့အားရည်စူး၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း ဇနီး ဒေါ်ရီရီဝင်း မိသားစုက စုစုပေါင်း ခန့်မှန်းငွေကျပ် ၂၄ သိန်းတန်ဖိုးရှိ ရွှေဆွဲကြိုးတစ်ကုံးနှင့် စိန် ၁၈ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်ဝင်းကြည်မြင့် မိသားစုက စုစုပေါင်း ခန့်မှန်းငွေကျပ်ငါးသိန်းတန်ဖိုးရှိ ပတ္တမြား ၆ ပွင့်ပါ ရွှေကြယ်သီးငါးခုနှင့် သားဖြစ်သူ မောင်အောင်ကောင်းခန့်အား ရည်စူး၍ ဗိုလ်ကြီးတင်မောင်ငြိမ်း-ဒေါ်မြင့်မြင့်စန်း မိသားစုက ခန့်မှန်းငွေကျပ်သုံးသိန်းတန်ဖိုးရှိ ရွှေနားကပ်တစ်ရန်တို့ကို လာရောက်လှူဒါန်းခဲ့ကြသည်။

နိုဝင်ဘာ ၁၆ ရက် ညနေပိုင်းမှ ယနေ့ညနေ ၆ နာရီအထိ အလှူခံဌာနများသို့ လာရောက်လှူဒါန်းကြသည့် လှူဒါန်းမှုအစုစုမှာ အလှူတော်ငွေ ၂၉၄၅၃၅၃၁ ကျပ်၊ အမေရိကန်ဒေါ်လာ ၃၆၅ ဒေါ်လာ၊ ထိုင်းဘတ် ၆၂၊ ဖိလစ်ပိုင်ပီဆို ၂၀၊ အိန္ဒိယရူပီး ၂၁၀၀၊ စင်ကာပူဒေါ်လာ ၂၀ နှင့် ရွှေငွေ လက်ဝတ်ရတနာမျိုးစုံ ၁၁၂ ခု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၁၉၅၀၀ တို့ဖြစ်သည်။ (သတင်းစဉ်)

**○ ဆီးချိုသွေးချိုရောဂါမှ**

အဝလွန်ခြင်း၏ သက်ရောက်မှုမပါ ၎င်း၏ စာရင်းဇယားမှာ မယုတ်မလွန် ခန့်မှန်းချက်သာဖြစ်သည်ဟု နိုင်ငံတကာ ဆီးချိုသွေးချိုရောဂါ ဗဟိုအဖွဲ့ကြီးက ဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (ဒဗလျူအိတ်ချ်အို)၏ အဆိုအရ ကမ္ဘာတစ်ဝန်း ဆီးချိုသွေးချိုရောဂါခံစားရသူ ၃၄၆ သန်းခန့်ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဆိုပါ ရောဂါဖြင့် သေဆုံးသူ ၈၀ ရာခိုင်နှုန်းကျော်ရှိသည်ဟု ဆိုသည်။

အဆိုပါ အဖွဲ့ကြီးက ၂၀၃၀ ပြည့်နှစ်တွင် ဆီးချိုသွေးချိုရောဂါဖြင့် သေဆုံးမှု နှစ်ဆရှိလိမ့်မည်ဟု ခန့်မှန်းထားပြီး နိုင်ငံတကာဆီးချိုသွေးချို ရောဂါဗဟိုအဖွဲ့ကြီး၏ ခန့်မှန်းချက်မှာ ဖြစ်နိုင်ခြေရှိသည်ဟု ဆိုသည်။ **(T.H)**

## ကချင်ပြည်နယ် ကျောင်းပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲနှင့် မြန်မာ့သိုင်းသင်တန်း ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ကချင်ပြည်နယ် ကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြစ်ကြီးနားမြို့နယ် ကျောင်းပေါင်းစုံ ပြေးခုန်ပစ်လူရွေးပွဲကို နိုဝင်ဘာ ၈ ရက်မှ ၉ ရက်အထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့ရာ လူရွေးပွဲတွင် အမျိုးသား/အမျိုးသမီး မီတာ (၁၀၀/၂၀၀/၄၀၀/၈၀၀/၁၅၀၀)အပြေး၊ သံလုံးပစ်၊ သံပြားဝိုင်းပစ်၊ လှံတံပစ်၊ အလျားခုန်၊ တန်းမြင့်ခုန်နှင့် သုံးဆင့်ခုန်ပြိုင်ပွဲများ ကျင်းပခဲ့ရာ ကျောင်းပေါင်း ၂၄ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူပေါင်း ၂၅၀ ကျော်ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့အပြင် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြည်နယ်သိုင်းဆပ်ကော်မတီတို့ ကြီးမှူး၍ မြန်မာ့သိုင်း(ဗန်တို-ဗန်ရှည်) သင်တန်းအမှတ်စဉ်(၂/၂၀၁၁)ရက်တို သင်တန်းကို နိုဝင်ဘာ၁၁ ရက်မှ ၂၄ ရက်အထိ မြစ်ကြီးနားမြို့ ပညာရေးကောလိပ်၌ နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ သင်တန်းသား၊ သင်တန်းသူ ၃၇၇ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အဆင့်မြင့်ခရီးသည်တင်ယာဉ် တိမ်းမှောက်မှုတွင် သေဆုံးသူများအား လျော်ကြေးပေးအပ်မည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် နိုဝင်ဘာလ ၁၃ ရက် နံနက် ၄ နာရီဝန်းကျင်ခန့်အချိန်က ဖြစ်ပွားခဲ့သော နယူးမန္တလာထွန်း ခရီးသည်တင်ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်တွင် သေဆုံးသူများအား အာမခံလျော်ကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ သတင်းရရှိသည်။

ရန်ကုန်မှ နိုဝင်ဘာ ၁၂ ရက် ည ၉ နာရီထွက် ရန်ကုန်-မန္တလေး ခရီးသည်တင်ယာဉ်သည် နိုဝင်ဘာ ၁၃ ရက် နံနက် ၄ နာရီ ဝန်းကျင်ခန့် အချိန်တွင် တံတားဦးတိုးဂိတ်အနီး မိုင်တိုင် ၃၃၅ အရောက် လမ်းဘေးထိုးဆင်း၍ တိမ်းမှောက်မှုဖြစ်ပေါ်ခဲ့ရာတွင် ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်ကြောင့် အမျိုးသား ရှစ်ဦး၊ အမျိုးသမီး သုံးဦး၊ အသက်ခြောက်နှစ်အရွယ် မိန်းကလေးတစ်ဦး စုစုပေါင်း ၁၂ ဦး သေဆုံးခဲ့သည်ဟု သိရှိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်ကြောင့် သေဆုံးသူများအား အဝေးပြေးခရီးသည်တင်ယာဉ်များတွင် ဝန်ဆောင်မှုပေးလျက်ရှိသော ခရီးသွားအာမခံ၊ သူတစ်ပါးထိခိုက်မှု အာမခံတို့ဖြင့် မြန်မာ့အာမခံလုပ်ငန်းမှ လျော်ကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ခရီးသွားအာမခံသည် အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများက ခရီးသည်များအတွက် ဝန်ဆောင်မှုပေးလျက်ရှိပြီး ခရီးသွားလက်မှတ်တွင် တစ်ပါတည်းပါရှိပြီး ဖြစ်သည်။ လက်မှတ်ဖြင့် စီးနင်းသူ ခရီးသည်တိုင်း ခရီးသွားအာမခံ အကျိုးခံစားခွင့်ရှိပြီး ခရီးသွားအာမခံအတွက် ပရီမီယံကြေးကို ယာဉ်လိုင်းများက ပေးသွင်းဝန်ဆောင်မှုပေးနေခြင်း ဖြစ်သည်။ ယာဉ်လိုင်းများက ဝန်ဆောင်မှုပေးလျက်ရှိသော ခရီးသွားအာမခံ လက်မှတ်တစ်စောင်သည် ကျပ် ၁၀၀ သာဖြစ်ပြီး မြန်မာ့အာမခံမှ ပေးလျော်သည့် သေဆုံးမှု လျော်ကြေးငွေမှာ ကျပ် ၁၀ သိန်းဖြစ်ကြောင်း သိရသည်။

သူတစ်ပါး ထိခိုက်မှုအာမခံမှာ စက်တပ်ယာဉ်နှင့် ထိခိုက်မိသူတိုင်း မည်သူမဆို အကျိုးခံစားခွင့်ရှိသည့် အာမခံအမျိုးအစားဖြစ်သည်။ စက်တပ်ယာဉ်ပိုင်ရှင်များ နှစ်စဉ်ယာဉ်မှတ်ပုံတင် သက်တမ်းတိုးရာတွင် မဖြစ်မနေထားရှိရသည့် အာမခံအမျိုးအစားဖြစ်ပြီး အာမခံအတွက် ပရီမီယံကြေးကို ယာဉ်ပိုင်ရှင်တို့က ပေးသွင်းရခြင်းဖြစ်သည်။ အဆိုပါ တရားဝင်မှတ်ပုံတင်ထားသော စက်တပ်ယာဉ်တို့နှင့် ထိခိုက်မိသူမည်သူမဆိုကို အကျိုးခံစားခွင့် လျော်ကြေးငွေ ပေးအပ်သော အာမခံအမျိုးအစား ဖြစ်သည်။ ယင်းအာမခံ၏ သေဆုံးမှုအတွက် လျော်ကြေးငွေမှာ ကျပ် ငါးသိန်းဖြစ်ကြောင်း သိရသည်။ ယင်းကြောင့် အဝေးပြေးခရီးသည်တင်ယာဉ် တိမ်းမှောက်မှုဖြစ်စဉ်ကြောင့် သေဆုံးသူများအား ခရီးသွားအာမခံ၊ သူတစ်ပါးထိခိုက်မှု အာမခံတို့ဖြင့် လျော်ကြေးငွေပေးအပ်ရန် အကျုံးဝင်သည်ဟု သိရှိရသည်။ (အိရွှေစင်ဝင်း)

## ကြို့ကုန်း တူးဖော်သုတေသနလုပ်ငန်းမှ ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော် ဦးဆောင်၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) မှအရာထမ်း၊ အမှုထမ်းများ ပါဝင်သော အဖွဲ့နှင့် ပြင်သစ်နိုင်ငံ National Center for Scientific Research (CNRS) မှ Dr. Jean- Pierre PAUTREAU ဦးဆောင်သော အဖွဲ့တို့သည် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကြို့ကုန်းကျေးရွာ၌ အခြေပြုလျက် ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှုဆိုင်ရာ တူးဖော်ရေးသုတေသနလုပ်ငန်းများကို နိုဝင်ဘာ ၂ ရက်မှစတင်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကြို့ကုန်းကျေးရွာ၏ တောင်ဘက်တစ်မိုင်ခန့်အကွာ ကွင်းအမှတ်(၉၂) ဦးအောင်မြိုင်၏ ယာကွက်အတွင်းမှ ပြည့်စုံလုနီးပါး ရုပ်ကြွင်းလေးခု အပါအဝင် အရိုးစုရုပ်ကြွင်း ၂၀၊ ရောင်စုံပုတီးစေ့အလုံး၂၀၊ သံလက်နက်တစ်ခု၊ ကြေးစည်းထုပ်ငယ် လေးထုပ်၊ မြေထည်ပစ္စည်းများနှင့် ထုံးဖြင့်မံ၍ မြှုပ်နှံထားသည်ဟု ယူဆရသော ရုပ်အလောင်း သုံးခုတို့ကို တူးဖော်တွေ့ရှိခဲ့သည်။

မြန်မာ့ကြေးခေတ်၊သံခေတ်သုတေသနလုပ်ငန်းကို ၁၉၉၈ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် ညောင်ကန်ဒေသမှစ၍ ဆောင်ရွက်ခဲ့ပြီး ဘုတလင်မြို့နယ် မုံထူးဒေသနှင့် ဝက်လက်မြို့နယ် ဟန်လင်းဒေသ၊ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် အင်းတဲဒေသ၊ မလှိုင်မြို့နယ် မြောက်လည်ဒေသ၊ မြင်းဦးလှည့်ဒေသနှင့် နွားကန်ဒေသ၊ ဝမ်းတွင်းမြို့နယ် ကုက္ကိုခါးလှဒေသနှင့် ရွှေတောင်ကျေးရွာ ဘုလုကုန်းဒေသ၊ ပျော်ဘွယ်မြို့နယ် ရွာထင်ကုန်းဒေသ၊ ဘုရားကြီးကျေးရွာ ဥမင်ဒေသ၊ ထရံကာကျေးရွာအုပ်စု ထန်းတပင်ဒေသနှင့် ဒဟတ်ကုန်းကျေးရွာအုပ်စု ထုံးဘိုဒေသ၊ မိတ္ထီလာမြို့နယ် ကန်နီကျေးရွာ ညောင်ကုန်းဒေသနှင့် သဲကြီးကုန်းကျေးရွာ မြာ-ရေဝေဒေသ၊ ကူမဲမြို့နယ် ညောင်ပင်ကျေးရွာ ပြည့်စုံကုန်းဒေသ၊ ရမည်းသင်းမြို့နယ် မြို့လှဒေသ၊ သာစည်မြို့နယ် ဘွဲ့ခြားကျေးရွာ ကန်သစ်ကုန်းဒေသနှင့် ရွာကုန်းကြီးဒေသတို့တွင် ဆက်လက်ဆောင်ရွက်ခဲ့သည်။

ကြို့ကုန်းကျေးရွာရှိ ကြေးခေတ်၊ သံခေတ်တူးဖော်မှုမှ တွေ့ရှိရသော အရိုးစုများ။



၁၉၉၈ ခုနှစ်မှ ယနေ့အထိ ၁၀ နှစ်ကျော်ကာလအတွင်း ၁၉ နေရာ တူးဖော်တွေ့ရှိချက်များအရ မြန်မာနိုင်ငံ၌ တိမ်မြုပ်ပျောက်ကွယ်နေသော ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သဖြင့် ယနေ့တွေ့ရှိမှုများမှာ မြန်မာ့ယဉ်ကျေးမှုနှင့် တစ်ဆက်တစ်စပ်တည်း မြန်မာ့သမိုင်းစဉ်အတွက် ခိုင်မာသည့် အဖိုးတန်အထောက်အထားများဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အထက(၃)သာကေတ အာစရိယပူဇော်ပွဲ အကြိုညှိနှိုင်းမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

သာကေတမြို့နယ် အထက(၃) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်နိုင်ရေးအတွက် အကြိုညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် အထက(၃) ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအတွက် အလှူငွေနှင့် ပစ္စည်းများ ထည့်ဝင်လိုသူများသည် ဒေါ်ခင်အေးကြူ ဖုန်း-၅၅၈၁၄၅၊ ဦးတင်မြင့် ဖုန်း-၀၉-၇၃၀၀၅၂၅၉၊ ဦးဝင်းဗိုလ် ဖုန်း-၀၉-၅၁၁၂၇၆၂၊ ၅၄၇၂၃၃၊ ဦးဇော်လင်းဦး ဖုန်း-၇၃၀၁၁၅၆၃၊ ဒေါ်ခင်သိန်းဝင်း ဖုန်း-၀၉-၅၄၀၆၈၄၁ နှင့် ဦးမြင့်ဌေ ဖုန်း-၀၉-၅၁၁၅၃၃၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ဉာဏ်ရည်မမီအားကစားအဖွဲ့ ကမ္ဘောဒီးယားသို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ကမ္ဘောဒီးယားနိုင်ငံ၌ နိုဝင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် ဒုတိယအကြိမ် အင်ဒိုချိုင်းနား ဉာဏ်ရည်မမီသူများ ဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး သန်းဇော်(ငြိမ်း)၊ နည်းပြ ဦးစံဝင်းနှင့် ဉာဏ်ရည်မမီ ဘောလုံးအားကစားသမားများသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ယနေ့နံနက်ပိုင်းတွင် ထွက်ခွာသွားကြရာ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း)နှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈-၁၁-၂၀၁၁ (သောကြာနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋ္ဌာနာဋိယသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၄၀ | "ဆင်းရဲကြတာဘာကြောင့်လဲ" တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျံဆရာတော်)] |
| ၆း၃၀ | တောင်းဆုအမှန်ပြည့်မည်ကေန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား) |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၂၉)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၄)** |
| ၈း၄၀ | မြန်မာပြည်သိန်းတန် "နှုတ်ဆက်ဂီတညချမ်း ဂီတဖျော်ဖြေပွဲ" (Part-1) |
| ၉း၂၀ | Movie Talk |
| ၉း၄၀ | အောင်စေတီဆရာတော်ကြီး၏ ထိုင်းနိုင်ငံ ကန်ချနပူရီသို့ သာသနာပြုခရီးစဉ် |
| ၁၀း၁၀ | သန်လျင်မြို့ နတ်စင်တစ်ရာ ကျောင်းတိုက်လိုတရ သစ္စာဓိဋ္ဌာန် အောင်တော်မူပြဟ္မာဘုံ ဒုဿစေတီ တော်ဌာပနာတော်သွင်းပူဇော်ပွဲ |
| ၁၀း၃၀ | Fashion Week |
| ၁၀း၅၀ | Activities In The City |
| ၁၁း၁၀ | ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ |
| ၁၁း၃၀ | ဗဟုသုတတိုးစေဖို့ လေ့လာရေးခရီးသွားကြစို့ |
| ၁၁း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၃)** |
| ၁၂း၂၀ | နိဗ္ဗာန်ရွှေဂူကျောင်း မိုးကုတ်ဝိပဿနာ ရိပ်သာကြီး၏ မဟာကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ရဟန်းခံ ကံထပ်အလှူတော်မင်္ဂလာ |
| ၁၂း၄၅ | ဆေးရေးချိတ်ခေတ်ဆန်းချိန်ခါ မြန်မာ့ရွှေလက်ရာ |
| ၁၂း၅၅ | သာသနာ့အမွေခံရုပ်ဝန်း |
| ၁း၀၀ | "ဆင်းရဲကြတာဘာကြောင့်လဲ" တရားတော် [အရှင်ဥတ္တရ (ကျိုက်ဒေးယျံဆရာတော်)] |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Style ရှိမှ Star ဖြစ်မယ် |
| ၃း၁၅ | Activities In The City |
| ၃း၂၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၂၉)** |
| ၄း၂၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၄)** |
| ၅း၁၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၃)** |
| ၅း၅၀ | သရုပ်ဆောင်သစ် စည်ဖြိုးရဲ့ စနေချစ်သူကို ကြိုတင်ခံစားခြင်း |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၃၀)** |
| ၇း၀၅ | မြန်မာပြည်သိန်းတန် "နှုတ်ဆက်ဂီတညချမ်း ဂီတဖျော်ဖြေပွဲ"(Part-2) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | စားချင်စဖွယ်နည်းအသွယ်သွယ် |
| ၈း၄၅ | Road to Alex Birthday Show |
| ၉း၀၀ | အနုပညာမိုးကောင်းကင် |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၅)** |
| ၁၀း၁၅ | The Champion of Dance |
| ၁၀း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၄)** |
| ၁၁း၂၅ | VJ Choice |
| ၁၁း၅၅ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ |
| ၁၂း၁၀ | Intellectual Talk |
| ၁၂း၅၅ | သူတို့ပြောတဲ့သူတို့အကြောင်း |
| ၁း၂၀ | မေတ္တာရောင်ပြန် (ဇေယျ၊ ဦးဝင်းမြိုင်၊ စိုးမိုးကြည်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)] |
| ၁း၃၅ | စကားဝါမြေ၏အိုအေစစ် |
| ၂း၀၀ | ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် |
| ၂း၂၅ | ရတနာရွှေသိုက် |
| ၂း၃၀ | လက်ဖက်ရဲ့အဖော် နှစ်ပြန်ကြော် |
| ၂း၄၀ | အတ္တရံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး |
| ၂း၅၀ | ပရအကျိုးတို့သယ်ပိုးစို့ |
| ၃း၀၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၄း၀၅ | Shooting Location |
| ၄း၂၀ | ဂန္ထဝင်မြောက် ပန်းချီဆရာကြီး ဦးဘကြည် |
| ၄း၃၅ | ဓနုဖြူမြို့ရဲ့ အထင်ကရနေရာများ ဆီသို့ အလည်တစ်ခေါက် |
| ၄း၄၀ | အလောင်းတော် ကဿပ လိုဏ်ဂူတော် |
| ၅း၀၀ | အစီအစဉ်ပြီး။ |

# အမျိုးသားနေ့ ဒို့မမေ့

* နှင်းမှုန်ပက်ဖျန်း၊ ခဝဲပန်း
ကြိုင်လှျံမ်းတင့်ခဲ့ပြီ။

* ချမ်းဆောင်းမြမြ ပွင့်သစ်စ
လုပစိုပြည်ပြီ။

* ဖုံးတုန်းလုံးတုန်း၊ တန်ဆောင်မုန်း
ရွှင်ပြုံးအားသစ်ပြီ။

* ပြည့်ကျော်ဆယ်ရက်၊ စန်းလာဘ်တက်
အောင်ချက်ကောင်းခဲ့သည်။

* ဝံ့ဝံ့စားစား၊ မြန်ပြည်သား
စိတ်ထားမြင့်ခဲ့သည်။

* လွတ်လပ်ဖို့ရန်၊ သန္နိဋ္ဌာန်
ရှင်သန်ရင့်ခဲ့ပြီ။

* ရေးခေတ်ဘိုးဘွား၊ ဒို့သွေးသား
နီးကြားမြင့်ဂုဏ်ရည်။

* အမျိုးသားနေ့၊ ဒို့မမေ့
ကြည်မွေ့ဂုဏ်တင်သည်။ ။

တက္ကသိုလ်ညိုညိုသန့်

# (၉၁) နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

★ အမျိုးသားပညာရည်မြင့်မားရေး၊

★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

★ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော် တောင်ကြီးမြို့ ပြည်နယ်စီမံကိန်းဦးစီးရုံး၌ ခရိုင် ၁၂ ခရိုင်၊ မြို့နယ် ၅၂ မြို့နယ်မှ ခရိုင်/မြို့နယ် စီမံကိန်းမှူးများနှင့် အရာထမ်း၊ အမှုထမ်းများအား ဆွေးနွေးမှာကြားစဉ်။**

(သတင်းစဉ်)



## ဒုတိယဝန်ကြီး ဒေါက်တာကံဇော် ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ စီမံကိန်းဦးစီးရုံးများ၌ တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၇

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကို၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဝင်းမြင့်တို့နှင့်အတူ နိုဝင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်နယ်စီမံကိန်းဦးစီးရုံး၌ ခရိုင် လေးခရိုင်၊ မြို့နယ် ၁၈ မြို့နယ်မှ ခရိုင်/မြို့နယ် စီမံကိန်းမှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။**

### တွေ့ဆုံ

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၉ ရက်တွင် မော်ဘီ၊ တိုက်ကြီး၊ သာယာဝတီ၊ လက်ပံတန်းမြို့နယ် စီမံကိန်းဦးစီးရုံးများနှင့် ပြည်နယ်ခရိုင်စီမံကိန်းဦးစီးရုံးများ၌ ခရိုင်/မြို့နယ် စီမံကိန်းမှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် လည်းကောင်း၊ နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းစီမံကိန်းဦးစီးရုံး၌ ခရိုင် သုံးခရိုင်၊ မြို့နယ် ၁၀ မြို့နယ်မှ ခရိုင်/မြို့နယ် စီမံကိန်းမှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ထားဝယ်အထူးစီးပွားရေးဇုန်သို့ သွားရောက်၍ ဖြစ်ပေါ်တိုးတက်မှုများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းတိုးတက်မှုများကို တွေ့ဆုံဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကလောမြို့နယ် စီမံကိန်းဦးစီးရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး နိုဝင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်စီမံကိန်းဦးစီးရုံး၌ ခရိုင် ၁၂ ခရိုင်၊ မြို့နယ် ၅၂ မြို့နယ်မှ ခရိုင်/မြို့နယ် စီမံကိန်းမှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ရုံးလုပ်ငန်းလက်စွဲ ထုတ်ဝေဖြန့်ချိ



ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရုံးလုပ်ငန်းလက်စွဲစာအုပ်ကို ထုတ်ဝေလိုက်သည်။

နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ ရုံးလုပ်ငန်းများ စနစ်တကျ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ထို့အပြင် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးတို့ တစ်ပြေးညီ တညီတညွတ်တည်း တစ်ပုံစံတည်း လိုက်နာကျင့်သုံးနိုင်စေရန် ရုံးလုပ်ငန်းလက်စွဲစာအုပ်ကို နိုင်ငံတော်အစိုးရသစ်၏ အုပ်ချုပ်ရေးယန္တရားပုံစံသစ်နှင့် အညီ ရုံးလုပ်ငန်းဆိုင်ရာကိစ္စများတွင် ပြင်ဆင်ပြောင်းလဲရမည့် အချက်များအား ပြင်ဆင်ဖြည့်စွက်ရေးသားကာ ပြန်လည် ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

အဆိုပါ "ရုံးလုပ်ငန်းလက်စွဲစာအုပ်"ကို ပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့များမှလည်း ဝယ်ယူမှီငြမ်းလိုပါက မြဝတီဘဏ်၊ နေပြည်တော် ACC: No.S 121 W 0111050009Wစာရင်းသို့ စာအုပ်ဖိုးကျသင့်ငွေ တစ်အုပ် ငွေကျပ် ၂၂၀၀ နှုန်း(စာအုပ်ပို့ပေးခ တစ်အုပ် ၂၀၀ နှုန်းအပါအဝင်)တို့ကို ငွေလွှဲပေးပို့ကာ ငွေလွှဲမှုရင်း၊ အမှာစာတို့နှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇) ဖုန်း-၀၆၇-၄၀၉၁၇၂၊ ၀၆၇-၄၀၉၁၇၃၊ ၀၆၇-၄၀၉၀၅၃၊ Fax ၀၆၇-၄၀၉၁၇၅ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။

■ ■ ■ ■ ■ ■ ■

## မဟာသီရိသုဓမ္မဒေါ်ခင်ကြည် စာအုပ်ထွက်ရှိ

သူနာပြုဆရာမအဖြစ် အမှုထမ်းခဲ့စဉ် ဂျပန်ခေတ်၌ တစ်ခုတည်းသော ဆေးရုံကြီးတွင် စက်သေနတ်သံ၊ ဗုံးသံများကြားမှ ကိုယ်ရေးကိုယ်တာ မငဲ့ကွက်ဘဲ ဆေးဝါးပစ္စည်းရှားပါးသည့်အချိန် ဖြစ်သမျှနှင့် စေတနာအရင်းခံကာ လူနာမှန်သမျှကို မငြိုမငြင် စေတနာ၊ ဝါသနာ၊ အနစ်နာ နာသုံးနာ ပြည့်ဝစွာဖြင့် ပြုစုပေးခဲ့သည်။

နိုင်ငံနှင့် တစ်မျိုးသားလုံးအတွက် အသက်တမျှ အရေးကြီးဆုံးအချိန်ကာလများတွင် သက်စွန့်ကြိုးပမ်းအားဖြင့် နိုင်ငံရေးခေါင်းဆောင်များ၏ ကျန်းမာရေးအတွက် ကိုယ်ကျိုးလုံးဝမငဲ့ တကယ့်စေတနာ၊ မေတ္တာဖြင့် သက်စွန့်ကြိုးပမ်းအသက်ဆက်ပေးကြသော နံပါတ်တစ် ဆရာဝန်ကြီးဦးဘသန်း၊ ဒေါက်တာမြင့်ဆွေစသည့် ဆရာဝန်များနှင့်အတူ နောက်မတွန့် လက်မရွံ့ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စေတနာဖခင်၊ စေတနာမိခင်များအနက် မှတ်တမ်းတင်ထိုက်သော ဒေါ်ခင်ကြည်ဟု ဖော်ပြထားသည်။ အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇) ပထမထပ်(၃၉)လမ်း (အထက်) ကျောက်တံတားမြို့နယ်မှ ဖြန့်ချိသည်။

■ ■ ■ ■ ■ ■ ■

## ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၂၂) ထွက်ပြီ

ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၂၂)ကို နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။

## ဒုတိယဝန်ကြီး ဦးဘရွှေအား အစ္စရေးသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေအား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံရုံးမှ သံအမတ်ကြီး H. E. Mr. Yaron Mayer သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ကျရောက်မည့် Proposal on International Holocaust Commemoration Day နှင့် သက်ဆိုင်သည့်အခမ်းအနားများကို ရန်ကုန်တက္ကသိုလ်၌ ကျင်းပနိုင်ရေးတို့အတွက် အပြန်အလှန်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သဘာဝအင်းအိုင်ငါးများနှင့်အပြိုင် မွေးမြူရေးငါးများလည်း အလုံးအရင်းဖြင့် ဝင်ရောက်နေ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ယခုအခါ ရန်ကုန်မြို့ရှိ ငါးဈေးကွက်အတွင်းသို့ သဘာဝအင်းအိုင်များမှ ထွက်သော ငါးများဝင်ရောက်ခြင်းနှင့်အတူ မွေးမြူရေးကန်မှ ငါးများလည်း အလုံးအရင်းဖြင့် ဝင်ရောက်နေလျက်ရှိကြောင်းသိရသည်။

"ဒီလိုအချိန်မှာက ဈေးကွက်ထဲကို သဘာဝအင်းအိုင်ငါးတွေဝင်လာတဲ့အခါ ဖြစ်တော့ အရင်ကဆိုရင် ကန်ဖော်မယ့် လုပ်ငန်းရှင်တွေက ဒီလိုကာလကို ရှောင်ကြတယ်။ မွေးမြူရေးငါးတွေအနေနဲ့ အရောင်းအဝယ်ထိုင်းနေတာ တစ်ပတ်လောက်ရှိပြီ။ ဒါပေမယ့် ထူးထူးခြားခြားပဲ ကုန်ချိန်အလုံးအရင်းနဲ့ ဝင်နေတာကို တွေ့ရတယ်။ ဒါဟာ စဉ်းစားစရာပဲ" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က နိုဝင်ဘာ ၁၅ ရက်က ကျင်းပသော သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

### ဝင်ရောက်နေ

ထိုသို့ မွေးမြူရေးငါးများ ဝင်ရောက်ခြင်းမှာ စက်လှေအစင်း ၃၀ ခန့်ဖြင့် ဝင်ရောက်နေကြခြင်းဖြစ်ပြီး ၃၀ ကျပ်သား၊ ၂၀ သား၊ ၁၅ ကျပ်သား စသည့်အရွယ်များ ဝင်ရောက်နေကြခြင်းဖြစ်ကြောင်း၊ ငါးဖယ်ခြစ် ခြစ်သည့် ခြစ်သားအရွယ်ငါးများ ဝင်ရောက်နေကြခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

အဆိုပါမွေးမြူရေးငါးများ ဝင်ရောက်နေသည့်အနေအထားမှာ အရှုံးခံကာ ဝင်ရောက်နေသည့် အနေအထားမျိုးဖြစ်နေပြီး ၎င်းအရွယ်ငါးများမှာ ကန်များတွင် ဆက်လက်မွေးမြူထားနိုင်သော အရွယ်များလည်း ဖြစ်ကြောင်းသိရသည်။ (၆၈၀)

**ခြင်ဆေးခွေ သုံးလျှင် အနီးတွင် လောင်စာပစ္စည်း မထားနှင့်**

# ဆိပ်ဖြူမြို့နယ် ရေဘေးသင့်ကျေးရွာများအတွက် ဆိုလာမီးအိမ်နှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၇

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းသည် နိုဝင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အိမ်တွင်းစက်မှုလက်မှုသင်တန်းကျောင်း၌ ကျင်းပသည့် ဆိပ်ဖြူမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများမှ မိသားစုများအတွက် အသစ်ပြန်လည်ဆောက်လုပ်ပြီး နေအိမ်များ၌ အသုံးပြုရန် ဆိုလာမီးအိမ်များနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရေဘေးသင့်ကျေးရွာ ၂၇ ရွာမှ အိမ်ထောင်စုများအတွက် စုစုပေါင်းငွေကျပ်သိန်း ၂၇၀ တန်ဖိုးရှိ ဆိုလာမီးအိမ်အလုံးတစ်ထောင်၊ ကျောင်းသုံးစာရေးကိရိယာပစ္စည်းများနှင့် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းရာ ရေဘေးသင့်မိသားစုများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တာဝန်ရှိသူများက ဆိုလာမီးအိမ်သုံးစွဲပုံ နည်းလမ်းများကို ရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း ဆိပ်ဖြူမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာ ၂၇ ရွာမှ အိမ်ထောင်စုများအတွက် ဆိုလာမီးအိမ်များ၊ ကျောင်းသုံးစာရေးကိရိယာပစ္စည်းများနှင့် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

အင်တာနက်ဆေးသိပ္ပံသတင်းများ

## လေဖြတ်ခြင်းနှင့် သွေးအမျိုးအစား ဆက်စပ်နေသည်ဟုဆို

သွေးအမျိုးအစားနှင့် လေဖြတ်မည့်အန္တရာယ်တို့အကြား ဆက်နွှယ်မှုများရှိနေကြောင်း လေ့လာတွေ့ရှိမှု တစ်ရပ်ကပြဆိုခဲ့ရာ အေဘီသွေးအမျိုးအစားရှိသော အမျိုးသား၊ အမျိုးသမီးများနှင့် ဘီသွေးအမျိုးအစားရှိသော အမျိုးသမီးများသည် အိုသွေးအမျိုးအစားရှိသူများထက် လေဖြတ်မည့်အန္တရာယ်နှင့် များစွာနီးစပ်လျက်ရှိသည်ဟု ဆိုထားသည်။

အဆိုပါ ဆက်နွှယ်မှုနှင့်ပတ်သက်၍ သုတေသနပြုချက်က သက်သေပြထားခြင်းမရှိသော်လည်း အခြားလေ့လာတွေ့ရှိထားချက်များဖြစ်သည့် သွေးအုပ်စုအေ၊ ဘီနှင့် အေဘီရှိသူများအကြား နှလုံးရောဂါဖြစ်ပွားမှုနှင့် ခြေထောက်သွေးမလျှောက်ခြင်းရောဂါတို့ ဆက်စပ်နေပုံကို လေ့လာတွေ့ရှိမှုများနှင့် တစ်ထပ်တည်းဖြစ်နေသည်ဟု ဆိုသည်။ ထို့ပြင် အိုသွေးအမျိုးအစားသည် သွေးယိုစီးမှု မြင့်မားခြင်းနှင့် ဆက်စပ်နေကာ



သွေးခဲမှုကို အခွင့်အလမ်းလျော့နည်းစေပြီး လေဖြတ်မည့်အန္တရာယ် အလားအလာကို လျော့ကျစေသည်ဟု ဆိုသည်။

သွေးအမျိုးအစားသည် လေဖြတ်ရောဂါဖြစ်နိုင်ခြေအပေါ် ဩဇာသက်ရောက်မှုရှိကြောင်း အထောက်အထားများ ပိုမိုတွေ့ရှိထားကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာဂျိုအန်းမန်ဆန်က ပြောကြားသည်။ ၎င်းသည် ဟားဘတ်အမျိုးသမီးဆေးရုံ ကာကွယ်ရေးဆေးပညာဌာနမှ အကြီးအကဲတစ်ဦးဖြစ်သည်။

ဆယ်စုနှစ်နှစ်ခုကျော်ကြာအောင်ပြုလုပ်ခဲ့သော အဆိုပါ သုတေသနတွင် အမျိုးသား၊ အမျိုးသမီး ၉၀၀၀၀ ကျော်တို့ကို လေ့လာခဲ့ရသည်။ (အင်တာနက်)

## ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၅၅၂ သန်း ဆီးချိုသွေးချိုရောဂါ ခံစားရနိုင်

နိုင်ငံတကာဆီးချိုသွေးချိုရောဂါ ဗဟိုအဖွဲ့ကြီးမှ နောက်ဆုံး ထွက်ပေါ်လာသည့် ခန့်မှန်းချက်စာရင်းဇယားအရ ၂၀၃၀ ပြည့်နှစ်တွင် အနည်းဆုံး အရွယ်ရောက်သူ ၁၀ ဦးတွင် တစ်ဦးနှုန်း ဆီးချိုသွေးချိုရောဂါရရှိလာနိုင်သည်ဟု ဆိုသည်။

အဆိုပါအဖွဲ့ကြီး၏ နိုဝင်ဘာ ၁၄ ရက် ထုတ်ပြန်ချက်တစ်ခုတွင် အသက်အရွယ်နှင့် လူဦးရေပြောင်းလဲမှုများကဲ့သို့ အချက်များအပေါ် အခြေခံ၍ ရာစုနှစ်နှစ်ခုအတွင်း လူဦးရေ ၅၅၂ သန်း ဆီးချိုသွေးချိုရောဂါ ရရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ လက်ရှိအချိန်တွင် အရွယ်ရောက်သူ ၁၃ ဦးတွင် တစ်ဦးခန့် ဆီးချိုသွေးချိုရောဂါခံစားနေရသည်ဟု ဆိုသည်။

အဆိုပါ စာရင်းဇယားတွင် ဆီးချိုသွေးချိုရောဂါအမျိုးအစားနှစ်မျိုး အပါအဝင် ရောဂါအမျိုးအမည် ရှာဖွေဖော်ထုတ်ရခြင်းမရှိသည့် ရောဂါများလည်း ပါဝင်သည်။ ဆီးချိုသွေးချိုရောဂါအဖွဲ့ကြီးက ယခင်က ရောဂါကူးစက်ပျံ့နှံ့မှုများသော အာဖရိကလိုနေရာမျိုးတွင် ရောဂါဖြစ်ပွားမှု ၉၀ ရာခိုင်နှုန်း ခုန်တက်သွားနိုင်ကြောင်း မျှော်လင့်ထားသည်။ တိုးပွားလာနေသည့်

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍**

## မီးဖိုသုံးလျှင်

(က) သုံးစွဲပြီးပါက မီးကြွင်းမီးကျန် မရှိပါစေနှင့်။
(ခ) မီးဖိုအနီးမှာ လူစောင့်အမြဲထားပါ။
(ဂ) မီးဖိုအနီး လောင်စာဆီ မထားပါနှင့်။
(ဃ) အိုမင်းမစွမ်းသူများနှင့် ကလေးသူငယ်များကို မီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းပါနှင့်။
(င) သုံးစွဲပြီးလျှင် မီးကြွင်းမီးကျန်မရှိအောင် စနစ်တကျစစ်ဆေးပါ။
(စ) အခါအားလျော်စွာ သတ်မှတ်ထားသည့် မီးသုံးစွဲချိန်များကို လိုက်နာပါ။
(ဆ) မီးဖိုနံဘေးတွင် လုံလောက်သော အကာအရံထားရှိပြီး သဲပုံး၊ ရေပုံးများထားပါ။ **မီးသတ်ဦးစီးဌာန**

## မိုးလေဝသ အခြေအနေ

၁၇-၁၁-၂၀၁၁

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်**

အများအားဖြင့် သာယာမည်။

# အားကစား

## အေစီမီလန်အသင်းက ဒရေ့ဘာကို စိတ်ဝင်စား

အီတလီထိပ်တန်း အသင်းတစ်သင်းဖြစ်သည့် အေစီမီလန်အသင်းသည် ချယ်လ်ဆီးတိုက်စစ်မှူး ဒရေ့ဘာ**(ယာပုံ)**ကို လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

အေစီမီလန်အသင်းသည် ၎င်းတို့၏ အဓိက တိုက်စစ်မှူး အန်တိုနီယိုကတ်စ်ဆာနို ခြောက်လခန့် ဘောလုံး မကစားနိုင်သည့်ကာလတွင် တိုက်စစ်မှူး တစ်ဦး လိုအပ်လျက်ရှိသည်။

အေစီမီလန်အသင်းသည် ဒရေ့ဘာ၏ ချယ်လ်ဆီးအသင်းတွင် တွဲဖက်ကစားဖော် နီကိုလက်စ်အနယ်ကာကိုပါ ဆက်သွယ်ခဲ့သော်လည်း အသင်းဒုဥက္ကဋ္ဌ ဂယ်လာနီက အိုင်ဗရီကို့စ်ကစားသမားဒရေ့ဘာကို ပိုမိုသဘောကျသည်ဟု ဆိုသည်။

ဂယ်လာနီက ကတ်စ်ဆာနိုသာ ယခုကဲ့သို့ ပြဿနာနှင့် မတွေ့ကြုံခဲ့လျှင် မိမိတို့အနေဖြင့် ဇန်နဝါရီ အပြောင်းအရွှေ့ ဈေးကွက်သို့ ဝင်ရောက်ရန် အကြောင်းမရှိသကဲ့သို့ ကတ်စ်ဆာနို လျင်လျင်မြန်မြန် ပြန်လည်သက်သာလာမည်ဆိုလျှင်လည်း မည်သည့် ကစားသမားနှင့်မျှ စာချုပ်ချုပ်ဆိုရန် မလိုကြောင်း၊ အနယ်ကာသည် ကစားသမားကောင်း တစ်ဦးဖြစ်သော်လည်း မိမိအနေဖြင့် ဒရေ့ဘာကိုသာ ပိုမိုနှစ်သက်ကြောင်း ပြောကြားသည်။

ချယ်လ်ဆီးအသင်းတွင် ဖာနန်ဒိုတောရက်စ်၊ ဒရေ့ဘာနှင့် အနယ်ကာတို့သုံးဦးမှာ ချယ်လ်ဆီးအသင်း၏ ပထမ ပွဲထွက်လူစာရင်းတွင် ပါဝင်ခွင့်ရရန် ယှဉ်ပြိုင်နေရသကဲ့သို့ လူငယ်တိုက်စစ်မှူးများဖြစ်သည့် ဒန်နီယယ်စတားဒစ်၊ ယိုမီလူ လူကာကူနှင့် ဆော်လမွန်ကာလူးတို့ကလည်း ၎င်းတို့၏နေရာကို ခြိမ်းခြောက်လာပြီဖြစ်သည်။ ***အင်တာနက်။***




## ဖယ်လိုင်နီနှင့် အဲဗာတန် စာချုပ်သစ်ချုပ်ဆို

အဲဗာတန်ကွင်းလယ်ကစားသမား ဖယ်လိုင်နီသည် အသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီဟု သိရသည်။

အသက်(၂၃)နှစ်ရှိ ဘယ်လ်ဂျီယံကစားသမား ဖယ်လိုင်နီသည် အဲဗာတန်အသင်းနှင့် လက်ရှိစာချုပ်သက်တမ်း ၁၈ လ ကျန်ရှိနေသေးသော်လည်း ယခုကဲ့သို့ စာချုပ်သစ်ကို ထပ်မံချုပ်ဆိုခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

အဲဗာတန်အသင်းမန်နေဂျာ ဒေးဗစ်မိုရက်စ်က ဖယ်လိုင်နီကို အသင်းနှင့် နှစ်ရှည်စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ရန် အမြဲဆန္ဒရှိနေခဲ့သည်ဟု ဆိုသည်။

အသင်းအမှုဆောင်ချုပ် ရောဘတ်အီလ်စတုန်းက ကျွန်တော်တို့ ဖယ်လိုင်နီနှင့် နှစ်ရှည်စာချုပ် ချုပ်ဆိုနိုင်ခဲ့၍ **စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ❖**